မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၃၄ ]** ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် ( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် ) } **သောကြာနေ့ [ အတွဲ ၇၀**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၄/ ၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇၉/ ၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"** တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၅/ ၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

**မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီ**
**အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/ ၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော **"မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီ"** တွင် အဖွဲ့ဝင် ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန **အစား** အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့"** တွင် တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် **အစား** တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြင့် ပြင်ဆင်၍ **"ဗဟိုလုပ်ငန်းအဖွဲ့"** တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အား ဒုတိယဥက္ကဋ္ဌအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဦးကျော်ဝင်း — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဒေါက်တာသန်းမြင့် — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဂ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဃ) ဦးလှကျော် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(င) ဦးခင်မောင်ရီ — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) ဦးထိန်လွင် အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဆ) ဦးမျိုးအောင် အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဇ) ဦးတိုးအောင်မြင့် အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) ဦးထွန်းထွန်းနိုင် အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဦးငွေးချွန် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဋ) ဦးအေးလွင် အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(ဌ) ဦးအောင်နိုင်ဦး အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဍ) ဒေါ်မြသူဇာ တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ အမှတ် ၄၇/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၇

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

## တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီတွင် အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီတွင်

အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန **အစား** ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနနှင့် အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန **အစား** ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အား အဖွဲ့ဝင်များအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၇

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

## အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၅ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း ကို အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်စွဲပါ အမိန့်အမှတ် ၁၀/၂၀၁၇ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတင့် အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးဝင်းတင့်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀၀၀၀/- (ကျပ်နှစ်သိန်းတိတိ)ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

**ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ အထက်ပါကော်မရှင်အဖွဲ့ဝင်များအနက်မှ ဦးမြင့်နိုင်၊ ဒုတိယရှေ့နေချုပ် (ငြိမ်း) သည် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရပါသဖြင့် အမိန့်ထုတ်ပြန်သည့်ရက်မှစ၍ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

**သစ်တောဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **သစ်တောဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# သစ်တောဥပဒေ (မူကြမ်း)

## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို သစ်တောဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကြိုးဝိုင်းတော**ဆိုသည်မှာ ဤဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသည့်နယ်မြေကို ဆိုသည်၊

(ခ) **ကြိုးပြင်ကာကွယ်တော**ဆိုသည်မှာ ဤဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာထားသည့် နယ်မြေကို ဆိုသည်၊

(ဂ) **သစ်တောနယ်မြေ**ဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောတို့ပါဝင်သည့် နယ်မြေကို ဆိုသည်။

(ဃ) **အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေမှအပ အခြားမြေများကို ဆိုသည်၊

(င) **သစ်တောထွက်ပစ္စည်း**ဆိုသည်မှာ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီးနှင့် ယင်းတို့မှ ထွက်ရှိသော ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏အစိတ်အပိုင်းများနှင့် ယင်းတို့မှထွက်ရှိသောပစ္စည်းများလည်း ပါဝင်သည်၊

(စ) **သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း**ဆိုသည်မှာ ဤဥပဒေအရ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ကြေညာထားသည့် သစ်တောထွက်ပစ္စည်းများကို ဆိုသည်၊

(ဆ) **သစ်ပင်**ဆိုရာတွင် သစ်မြစ်၊ သစ်ငုတ်၊ ပင်စည်၊ အကိုင်းအခက်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွနှင့် အပင်ပေါက်တို့ ပါဝင်သည်၊

(ဇ) **တားမြစ်သစ်ပင်**ဆိုသည်မှာ ကျွန်းပင်နှင့် ဤဥပဒေအရ တားမြစ်သစ်ပင်အဖြစ် သတ်မှတ်ကြေညာထားသည့် သစ်ပင်ကို ဆိုသည်၊

(ဈ) **သစ်**ဆိုသည်မှာ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွနှင့် အပင်ပေါက်တို့မှအပ လဲနေသောသစ်ပင်၊ ခုတ်လှဲပြီး သစ်ပင်၊ ခုတ်ထွင်ဖြတ်တောက် ပြုပြင်ထားသော သစ် သို့မဟုတ် သစ်လုံးကို ဆိုသည်။

(ည) **ထင်း**ဆိုသည်မှာ လောင်စာအဖြစ်သာ အသုံးပြုရန်သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်၊

(ဋ) **အိမ်မွေးတိရစ္ဆာန်**ဆိုသည်မှာ လူတို့မွေးမြူထားသော ဆင်အပါအဝင် တိရစ္ဆာန်များကို ဆိုသည်၊

(ဌ) **မျှောစာ**ဆိုသည်မှာ တရားဝင်ပိုင်ဆိုင်သည့် သစ်တောထွက်ပစ္စည်းများကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းနိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်၊

(ဍ) **ခွင့်ပြုမိန့်**ဆိုသည်မှာ ဤဥပဒေအရ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသည့် အမိန့် သို့မဟုတ် သစ်တောထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခွင့်အမိန့်ကို ဆိုသည်၊ ယင်းစကားရပ်တွင် သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ပြုရန် ချုပ်ဆိုသည့်စာချုပ်လည်း ပါဝင်ပါသည်။

(ပ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဝန်ကြီး**ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကို ဆိုသည်။

(တ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ထ) **သစ်တောအရာရှိ**ဆိုသည်မှာ သစ်တောဦးစီးဌာန၏ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံများကို ဆိုသည်၊

(ဒ) **သစ်တောဝန်ထမ်း**ဆိုသည်မှာ သစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေးမှူးချုပ်အထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများကို ဆိုသည်၊

(ဓ) **ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း**ဆိုသည်မှာ သစ်တောဦးစီးဌာနက ထုတ်ပြန်ထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအရ ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်၊

(န) **လက်ကိုင်စက်လွ**ဆိုသည်မှာ စက်အားကို အသုံးပြု၍ သစ်ပင်၊ သစ်လုံး၊ တိုင်၊ မျောနှင့် ခွဲသားများကို ပိုင်းဖြတ်ခွဲစိတ်နိုင်သော အလွယ်တကူ ရွှေ့ပြောင်းသုံးစွဲနိုင်သည့် လက်ကိုင်စက်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေကို အောက်ပါအခြေခံမူများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) ပြည်ထောင်စုအစိုးရ၏ သစ်တောရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) ပြည်ထောင်စုအစိုးရ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) ပြည်ထောင်စုအစိုးရ၏ သစ်တောရေးရာမူဝါဒနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာမူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(ဃ) သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက် လာစေရန်၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်၊

(င) သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး တို့နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(စ) သစ်တောနှင့်ဇီဝမျိုးများ ပြုန်းတီးခြင်း၊ မီးလောင်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် အပင်ရောဂါ ကျရောက်ခြင်း ဘေးအန္တရာယ်တို့မှ ထိန်းသိမ်းကာကွယ်နိုင်ရန်၊

(ဆ) သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောစိုက်ခင်းသစ်များ တည်ထောင်ရေး တို့ကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရန်၊

(ဇ) ပြည်တွင်းလောင်စာ လိုအပ်ချက်ကို အထောက်အကူဖြစ်စေရန်၊

(ဈ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ထာဝစဉ်တည်တံ့စေသည့် သစ်တော စီမံအုပ်ချုပ်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

## အခန်း (၃)
## ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်း

၄။ ဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သဘာဝတောတောင်၊ ရေ၊ မြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်အလို့ငှာ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် နယ်နိမိတ်သတ်မှတ်၍ အောက်ပါကြိုးဝိုင်းတော အမျိုးအစားများကို ဖွဲ့စည်းနိုင်သည်-

(က) စီးပွားရေး သစ်ထုတ်ကြိုးဝိုင်းတော၊

(ခ) ဒေသန္တရ ထောက်ပံ့ရေးကြိုးဝိုင်းတော၊

(ဂ) ရေဝေရေလဲ ထိန်းသိမ်းရေးကြိုးဝိုင်းတော၊

(ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းရေးကြိုးဝိုင်းတော၊

(င) အခြားကြိုးဝိုင်းတောအမျိုးအစားများ။

၅။ ဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ကြိုးဝိုင်းတောပြင်ပရှိ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် နယ်နိမိတ်ဖော်ပြ၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည် -

(က) ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း၊

(ခ) အပူပိုင်းဒေသတော ထိန်းသိမ်းကာကွယ်ခြင်း၊

(ဂ) ဒီရေတော ထိန်းသိမ်းကာကွယ်ခြင်း၊

(ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းကာကွယ်ခြင်း၊

(င) သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်း။

၆။ ဝန်ကြီးသည် -

(က) ကြိုးဝိုင်းတောဖွဲ့စည်းခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းမပြုမီ မည်သည့်နယ်မြေဒေသကို ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းရန် သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်းသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြေညာရမည်၊

(ခ) ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးဝိုင်းတောနယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောကြေးတိုင်အရာရှိတစ်ဦးကို ခန့်အပ်တာဝန်ပေးရမည်၊

(ဂ) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် ညွှန်ကြားရေးမှူးချုပ်ကို တာဝန်ပေးအပ်ရမည်၊

(ဃ) သစ်တောကြေးတိုင်အရာရှိက ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ပြီးနောက် ညွှန်ကြားရေးမှူးချုပ်မှ တစ်ဆင့် တင်ပြလာသော အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ ကြိုးဝိုင်းတောဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်၊

(င) ညွှန်ကြားရေးမှူးချုပ်က ပုဒ်မခွဲ (ဂ) အရ ဆောင်ရွက်ပြီးနောက် တင်ပြလာသောအစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ ကြိုးပြင်ကာကွယ်တော သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

၇။ ဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ကြိုးဝိုင်းတောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြိုးဝိုင်းတောအမျိုးအစား ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်ခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း ပြုနိုင်သည်၊

(ခ) ဆက်လက်ကာကွယ်ထိန်းသိမ်းထားရန် မလိုအပ်သည့် ကြိုးပြင်ကာကွယ်တော တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြိုးပြင်ကာကွယ်တောအဖြစ်မှ ပယ်ဖျက်နိုင်သည်၊

(ဂ) ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်းများကို ပြည်ထောင်စုလွှတ်တော်သို့ အသိပေး တင်ပြရမည်။

၈။ (က) နိုင်ငံတော်အတွင်း မည်သည့်နေရာဒေသတွင်မဆို ပေါက်ရောက်နေသော ကျွန်းပင်သည် နိုင်ငံတော်ပိုင် ဖြစ်သည်၊

(ခ) ဝန်ကြီးသည် အောက်ပါနေရာဒေသများတွင် ပေါက်ရောက်နေသည့် ကျွန်းပင်များနှင့် သက်ဆိုင်သည့် သီးခြားအမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ပိုင်ဆိုင်ခွင့်ပြုနိုင်သည် -

(၁) သစ်တောနယ်မြေအတွင်း ခွင့်ပြုချက်ရယူပြီး တည်ထောင်ထားသော ပုဂ္ဂလိက ကျွန်းစိုက်ခင်းရှိ ကျွန်းပင်များ၊

(၂) သစ်တောနယ်မြေ ပြင်ပတွင် တည်ထောင်ပြီး သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ပုဂ္ဂလိကကျွန်းစိုက်ခင်းရှိ ကျွန်းပင်များ၊

(၃) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖြစ် တည်ထောင်ထားသည့် နယ်မြေရှိ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကျွန်းပင်များ၊

(၄) နေအိမ်ခြံဝင်းများအတွင်း စိုက်ပျိုးပြီး သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကျွန်းပင်များ၊

(၅) ပုဂ္ဂလိကပိုင်ဆိုင်သည့်မြေ၊ အများပိုင်မြေ၊ သာသနာ့မြေ၊ ဌာနဆိုင်ရာပိုင်မြေနှင့် တပ်ရင်းတပ်ဖွဲ့ပိုင်မြေများတွင် စိုက်ပျိုးပြီး သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကျွန်းပင်များ။

(ဂ) ဝန်ကြီးသည် -

(၁) သစ်တောဦးစီးဌာနက ထိန်းသိမ်းကာကွယ်ရမည့် တားမြစ်သစ်ပင် အမျိုးအမည်များကို နေရာဒေသအလိုက် သတ်မှတ်ကြေညာခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(၂) သစ်မျိုးများကို သစ်မာအုပ်စု ခွဲခြားသတ်မှတ်ကြေညာခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၄)
## သစ်တောရေးရာစီမံခန့်ခွဲခြင်း

၉။ သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုအစိုးရ၏ မြန်မာ့သစ်တောမူဝါဒကို အကောင်အထည်ဖော်ခြင်း၊

(ခ) ရေ၊ မြေ၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေး၊ သစ်တောဖုံးလွှမ်းသည့်နယ်မြေများ ထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်းသည့် စီမံကိန်းများကို အကောင်အထည်ဖော်ခြင်း၊

(ဂ) သစ်တောနယ်မြေကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဃ) ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် တားမြစ်သစ်ပင်အမျိုးအမည်များ သတ်မှတ်ရေး၊ ပြင်ဆင်ရေး သို့မဟုတ် ဖျက်သိမ်းရေးတို့အတွက် ဝန်ကြီးထံသို့ အဆိုပြုတင်ပြခြင်း၊

(င) သစ်တောပညာရပ်နှင့်စပ်လျဉ်းသောကျောင်းများ၊ သင်တန်းများ ဖွင့်လှစ်ရေး၊ ပြည်ပသို့ သစ်တောပညာရပ်ဆိုင်ရာ ပညာသင်များစေလွှတ်ရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်း၊

(စ) သစ်တောသယံဇာတစာရင်းများ ကောက်ယူပြုစုခြင်း၊

(ဆ) သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် အကူအညီ ပေးခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) သစ်တောနယ်မြေများအတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှု အခကြေးငွေသတ်မှတ်ခြင်း၊

(ည) ဝန်ကြီးဌာနက သတ်မှတ်တာဝန်ပေးအပ်သော သစ်တောရေးရာနှင့်သက်ဆိုင်သည့် အခြား လုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေပါ အခြေခံမူများနှင့်အညီ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အောက်ပါစီမံကိန်းများကို ရေးဆွဲ၍ ဝန်ကြီးထံတင်ပြရမည် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် လုပ်ငန်းလမ်းညွှန်အဖြစ် အသုံးပြုရမည့် သစ်တောကဏ္ဍနှင့်စပ်လျဉ်းသည့် စီမံကိန်း၊

(ခ) သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် စီမံကိန်း။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၀ ပါ စီမံကိန်းများနှင့်စပ်လျဉ်း၍ -

(က) အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးထံသို့ နှစ်စဉ်တင်ပြ အစီရင်ခံရမည်၊

(ခ) အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်များရှိပါက ပြင်ဆင်ဖြည့်စွက်နိုင်ရန် ဝန်ကြီးထံသို့ အဆိုပြုတင်ပြရမည်၊

(ဂ) လိုအပ်သော သစ်တောသယံဇာတစာရင်းကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ၁၀ နှစ် တစ်ကြိမ် ကောက်ယူ၍ စာရင်းဇယားပြုစုရမည်။

၁၂။ မည်သူမဆို သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေအတွင်း -

(က) ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်း လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်လိုလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်၊

(ခ) ပညာရေး သို့မဟုတ် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်း သို့မဟုတ် လေ့လာရေးစခန်းချခြင်းပြုလိုလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းကလုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်၊

(ဂ) ပုဒ်မခွဲ (က) အရ ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

## အခန်း (၅)
## သစ်တောစိုက်ခင်း တည်ထောင်ခြင်း

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သစ်တောနယ်မြေ သို့မဟုတ် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် အောက်ပါသစ်တောစိုက်ခင်းများကို တည်ထောင်နိုင်သည် -

(က) စီးပွားရေးစိုက်ခင်း၊

(ခ) စက်မှုကုန်ကြမ်းစိုက်ခင်း၊

(ဂ) ရေဝေရေလဲစိုက်ခင်း၊

(ဃ) ဒီရေတောစိုက်ခင်း၊

(င) ကျေးရွာထင်းစိုက်ခင်း၊

(စ) အခြားစိုက်ခင်း။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို သစ်တောနယ်မြေတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုနိုင်သည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အိတ်ဖွင့်တင်ဒါစနစ်အရ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်း၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ခြင်း၊

(ဂ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်းစိုက်ခင်းတည်ထောင်ခြင်း၊

(ဃ) ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်ခြင်း။

၁၅။ ပြည်ထောင်စုနယ်မြေများနှင့် တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွင်း ကျေးရွာအနီးပတ်ဝန်းကျင်တွင်ရှိသော ကြိုးဝိုင်းတောတွင်ဖြစ်စေ၊ ကြိုးပြင်ကာကွယ်တောတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါကျေးရွာပိုင် ကျေးရွာထင်းစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုနိုင်သည် -

(က) သစ်တောဦးစီးဌာနက နှစ် အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန်လွှဲပြောင်းပေးသည့် ကျေးရွာထင်းစိုက်ခင်း၊

(ခ) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာထင်းစိုက်ခင်း။

၁၆။ သစ်တောထွက်ပစ္စည်း ထုတ်ယူခြင်း သို့မဟုတ် သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ခြင်းကို စီးပွားဖြစ်လုပ်ကိုင်ခွင့်ရရှိသူသည် ခွင့်ပြုမိန့်အရ နိုင်ငံတော်အတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်း သို့မဟုတ် သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် တာဝန်ရှိလျှင် ယင်းလုပ်ငန်းကို မိမိ၏ ကုန်ကျစရိတ်ဖြင့် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

## အခန်း (၆)
## သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်

၁၇။ သစ်တောထွက်ပစ္စည်းကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိသည်။ သို့ရာတွင် စီးပွားဖြစ်မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက်ဖြစ်လျှင် သတ်မှတ်အရေအတွက်ထက် မကျော်လွန်ပါက ခွင့်ပြုမိန့်ရယူရန်မလိုဘဲ ထုတ်ယူနိုင်သည်။

၁၈။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုရာတွင် စီးပွားဖြစ်ထုတ်ယူခြင်းဖြစ်ပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဈေးပြိုင်စနစ် ကျင့်သုံးခြင်းမပြုဘဲ ထုတ်ယူခွင့် ပြုနိုင်သည် -

(က) သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၊

(ခ) သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ကြီးအား လုပ်ပိုင်ခွင့်ပေးအပ်ထားသည့်ကိစ္စ၊

(ဂ) ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(ဃ) ပုဒ်မ ၈ (ခ) အရ ပိုင်ဆိုင်ခွင့်ပြုထားသော ကျွန်းနှင့် တားမြစ်ရာပါ သစ်ပင်များမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(င) သစ်တောဦးစီးဌာနမှ သီးခြားကန့်သတ်ထားသောကိစ္စမှအပ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(စ) စီးပွားဖြစ်မဟုတ်သည့် အောက်ပါလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ -

(၁) သုတေသနနှင့် ပညာပေးလုပ်ငန်း၊

(၂) ပြည်သူ့အကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်း။

၁၉။ (က) စီးပွားဖြစ် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ -

(၁) ဝန်ကြီးသည် သက်တမ်း ၅ နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်၊

(၂) ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ် အထက်မှ ၃ နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူသည် လိုလောက်သောအကြောင်း ရှိလျှင် ခွင့်ပြုမိန့်သက်တမ်းကို တစ်ကြိမ်လျှင် ၆ လထက်မကျော်စေဘဲ ၂ ကြိမ်အထိ သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

၂၀။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ပြုခြင်း နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအမျိုးအမည်၊

(ခ) ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရ ထုတ်လုပ်ရန် သတ်မှတ်ကာလပြည့်မီသည့် ဧရိယာအတွင်း နှစ်စဉ်ထုတ်လုပ်ခွင့်ပြုမည့် သစ်မျိုးနှင့်ပမာဏ၊

(ဂ) အခွန်နှုန်းနှင့် အခြားအခကြေးငွေများ၊

(ဃ) သစ်တောထွက်ပစ္စည်းအမျိုးအစားအလိုက် ခွင့်ပြုပေးသင့်သည့် သက်တမ်း၊

(င) စီးပွားဖြစ်မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် ခွင့်ပြုမိန့်မလိုဘဲ သစ်တောအရာရှိများက ထုတ်ယူခွင့်ပေးနိုင်သည့် သစ်တောထွက်ပစ္စည်း တစ်ခုချင်း၏ အရေအတွက်၊

(စ) ခွင့်ပြုမိန့်ပါစည်းကမ်းဖောက်ဖျက်မှုအတွက် တပ်ရိုက်မည့်ဒဏ်ကြေး၊

(ဆ) စည်းကမ်းချက်များ။

၂၁။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ခ) သစ်တောဦးစီးဌာနက ဤဥပဒေနှင့်အညီ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်၊ တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို လိုက်နာရမည်၊

(ဂ) ပေးဆောင်ရန်ရှိသော အခွန်အခများ၊ အာမခံငွေများ၊ ကြိုတင်ငွေများကို ပေးဆောင်ရမည်၊

(ဃ) သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တိုင်းတာပြီး တံဆိပ်ရိုက်မှတ်ခြင်း၊ မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ခြင်း ပြုရမည်၊

(င) သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ညစ်ညမ်း စေခြင်းအတွက် ဝန်ကြီးဌာနမှသတ်မှတ်သည့် တန်ဖိုးကို ပေးလျော်ရမည်။

၂၂။ သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေမှထုတ်လုပ်သည့် အခွန် ဆောင်ပြီးသောထင်းကို မီးသွေးဖုတ်နိုင်ရန် သတ်မှတ်သည့်စည်းကမ်းချက်များဖြင့် မီးသွေးဖိုတည်ထောင်ခွင့် နှင့် မီးသွေးဖုတ်ခွင့် ပြုနိုင်သည်။

## အခန်း (၇)
## သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်း

၂၃။ (က) မည်သူမဆို သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူ ရွှေ့ပြောင်းလိုလျှင် ဤကိစ္စအလို့ငှာ ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိထံမှ မျှောစာလျှောက်ထားရယူရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် အောက်ပါကိစ္စရပ်များနှင့် အကျုံးမဝင်စေရ -

(၁) သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုထားသည့် နေရာဒေသအတွင်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၂) သတ်မှတ်သည့် အရေအတွက်ထက်မပိုသော စီးပွားဖြစ်မဟုတ်သည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်း၊

(၃) စည်ပင်သာယာ နယ်နိမိတ်တစ်ခုအတွင်းရှိ မြို့နယ်တစ်ခုမှ တစ်ခုသို့ သယ်ယူရွှေ့ပြောင်းခြင်း။

၂၄။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်းကို စစ်ဆေးရန်နှင့် ကျသင့်သောအခွန်အခများကို ကောက်ခံနိုင်ရန်လိုအပ်သော သစ်တောကင်းရုံးများကို တည်ထောင်ထားရှိ နိုင်သည်။

၂၅။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် -

(က) မျှောစာကို မိမိနှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်၊

(ခ) သက်ဆိုင်ရာ သစ်တောကင်းရုံးများ၏ စစ်ဆေးခြင်းနှင့် အခွန်အခစည်းကြပ်ခြင်းကို ခံယူရမည်။

၂၆။ (က) ညွှန်ကြားရေးမှူးချုပ်သည် သစ်များကိုဖောင်ဖွဲ့၍ မျှောချရမည့် ဖောင်ဖွဲ့ဆိပ်များကို သတ်မှတ် ပေးရမည်၊

(ခ) သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် ဖောင်ဖွဲ့ဆိပ်မှစ၍ သစ်ဖောင်များကို ထိန်းသိမ်းကွပ်ကဲမှုဖြင့်သာ မျှောချရမည်။

## အခန်း (၈)
## ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များ စီမံခန့်ခွဲခြင်း

၂၇။ ဖောင်ဖွဲ့ဆိပ်မှစ၍ ထိန်းသိမ်းကွပ်ကဲမှုမရှိဘဲ မျောလာသည့်သစ်ဖောင် သို့မဟုတ် သစ်ကို ရေမျော ကမ်းတင်သစ်ဟု သတ်မှတ်သည်။

၂၈။ (က) အောက်ပါသစ်များသည် တစ်ဦးတစ်ယောက် ပိုင်ဆိုင်ကြောင်းကို သတ်မှတ်သည့်ကာလအတွင်း ခိုင်လုံစွာတင်ပြခြင်းမပြုနိုင်လျှင် ပိုင်ရှင်မဲ့သစ်ဖြစ်သည်ဟု မှတ်ယူရမည် -

(၁) ရေမျောကမ်းတင်သစ် သို့မဟုတ် နစ်မြုပ်လျက်တွေ့ရှိသည့် သစ်များ၊

(၂) မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ် ရိုက်မှတ်ထားခြင်းမရှိသည့် သစ်များ၊

(၃) ရိုက်မှတ်ထားသော မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်တံဆိပ်ကို ပုံသဏ္ဌာန်ပြောင်းလဲဖျက်ဆီး ထားသည့် သစ်များ။

(ခ) သစ်တောဝန်ထမ်းသည် ပုဒ်မခွဲ (က) ပါ သစ်များကို သစ်တောကင်းရုံး သို့မဟုတ် သစ်ဆိပ် များသို့ စုသိမ်းယူဆောင်လာခွင့် ရှိသည်။

၂၉။ သစ်တောအရာရှိသည် ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း (၉)
## သစ်အခြေခံ အသုံးပြုသည့် စက်ရုံတည်ထောင်ခြင်း

၃၀။ သစ်အခြေခံအသုံးပြုသည့် အသေးစား စက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ လွှစင်၊ လက်ကိုင်စက်လွှ၊ လွှစက်၊ လွှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံ အသုံးပြုသည့် စက်ကိုဖြစ်စေ၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော သစ်ပရိဘောဂ လုပ်ငန်း သို့မဟုတ် သစ်အခြေခံအခြားလုပ်ငန်းကိုဖြစ်စေ တည်ထောင်လုပ်ကိုင်လိုသူ ပုဂ္ဂလိကလုပ်ငန်းရှင် သည် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုမိန့်ကိုရရှိပြီးမှသာ တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၃၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၃၀ ပါ ကိစ္စအလို့ငှာ အခွန်အခ နှုန်းများ၊ ခွင့်ပြုမိန့်သက်တမ်းနှင့် ခွင့်ပြုမိန့်ဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

## အခန်း (၁၀)
## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရ သစ်တောဝန်ထမ်းများ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပေးရမည်။

၃၃။ (က) ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိသည် ဖမ်းဆီးရမိသည့် သစ်တောထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) ၁ တန်ထက်မပိုသော ကျွန်းသစ်ကိုဖြစ်စေ၊ ကျွန်းသစ်မဟုတ်သော တားမြစ်သစ်ပင်မှ ထွက်ရှိသည့် ၃ တန်ထက်မပိုသော သစ်ကိုဖြစ်စေ ဖမ်းဆီးရမိခြင်းဖြစ်လျှင် အနည်းဆုံး ကျပ် ၁၀၀,၀၀၀ မှ အများဆုံး ကျပ် ၅၀၀,၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သစ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊

(၂) ကျွန်း သို့မဟုတ် တားမြစ်သစ်ပင်မှထွက်ရှိသော သစ်မှအပ ၃ တန်ထက်မပိုသော အခြား သစ်များ ဖမ်းဆီးရမိခြင်းဖြစ်လျှင် သစ်များ၏ ဒေသတန်ဖိုး ၂ ဆ နှင့်အနည်းဆုံး ကျပ် ၁၀၀,၀၀၀ မှ အများဆုံး ကျပ် ၅၀၀,၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သစ်များကို ပြန်လည်ပေးအပ်ခြင်း၊

(၃) သစ်မှအပ ဒေသတန်ဖိုး ကျပ် ၁၀၀,၀၀၀ ထက်မပိုသော အခြားသစ်တောထွက်ပစ္စည်း ဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ဒေသတန်ဖိုးနှင့် ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေပေးဆောင်စေပြီး ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း၊

(၄) မရွှေ့မပြောင်းနိုင်သော သစ်တောထွက်ပစ္စည်းဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ ဒေသတန်ဖိုး ၂ ဆနှင့် ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေ ပေးဆောင်စေပြီး ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို လိုက်နာသူအား ဤဥပဒေအရ တရားစွဲဆိုခြင်းမပြုရ၊ လိုက်နာရန် ပျက်ကွက်သူများကိုသာ ဤဥပဒေအရ တရားစွဲဆိုရမည်။

၃၄။　သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ် သို့မဟုတ် အလုပ်သမား တစ်ဦးဦးကဖြစ်စေ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ခဲ့လျှင် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့် ပြုသူသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး လုပ်ငန်း ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟုယူဆလျှင် သတ်မှတ်သည့် ဒဏ်ကြေးငွေကိုပါ ပေးဆောင်စေခြင်း။

၃၅။　သစ်တောအရာရှိသည် ဤဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည့် သစ်တောထွက်ပစ္စည်း သယ်ယူ ရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်ပြီး ချမှတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက သယ်ယူလာသော သစ်တောထွက်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် -

(က) မျှောစာမပါဘဲ သယ်ယူရွှေ့ပြောင်းခြင်းအတွက် ထိုသို့ သယ်ယူရွှေ့ပြောင်းသူအား ကျပ် ၁၀၀,၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး ဆက်လက်သယ်ယူရွှေ့ပြောင်းခွင့် ပြုနိုင်သည်၊

(ခ) မျှောစာတွင်ဖော်ပြထားသော ခရီးလမ်းဆုံးမှတစ်ပါး အခြားဒေသသို့ သယ်ယူရွှေ့ပြောင်းခြင်း အတွက် ထိုသို့ သယ်ယူရွှေ့ပြောင်းသူအား “ကျပ် ၁၀၀,၀၀၀ ထက်မပိုသော” ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး ဆက်လက်သယ်ယူ ရွှေ့ပြောင်းခွင့်ပြုနိုင်သည်၊

(ဂ) သတ်မှတ်ထားသော ဒေသပြင်ပနှင့် သယ်ယူရန်ကန့်သတ်ထားသော ဒေသများသို့ သယ်ယူ ရွှေ့ပြောင်းခြင်းများအတွက် ထိုသို့ သယ်ယူရွှေ့ပြောင်းသူအား ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သတ်မှတ်ထားသောဒေသသို့ ပြန်လည်သယ်ယူစေရမည်။

၃၆။　(က) သစ်တောဝန်ထမ်းသည် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ သစ်တောဦးစီး ဌာနက ရရန်ရှိသော အခွန်အခ၊ ဒဏ်ကြေးများကို မရရှိသေးသမျှ ယင်းသစ်တောထွက် ပစ္စည်းကို ထိန်းသိမ်းထားနိုင်သည်၊

(ခ) သတ်မှတ်ကာလအတွင်း အခွန်အခ၊ ဒဏ်ကြေးများပေးဆောင်ရန် ပျက်ကွက်ပါက ပုဒ်မခွဲ (က) အရ ထိန်းသိမ်းထားသော သစ်တောထွက်ပစ္စည်းကို သစ်တောအရာရှိသည် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း (၁၁)
## အယူခံခြင်း

၃၇။　(က) ဤဥပဒေအရ မြို့နယ်သစ်တောအရာရှိကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိထံ သတ်မှတ်သည့်အတိုင်း အယူခံဝင်နိုင်သည်၊

(ခ) ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် မြို့နယ်သစ်တော အရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၈။　(က) ဤဥပဒေအရ ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ်

ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ခရိုင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၉။ (က) ဤဥပဒေအရ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်ရက်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ခ) ဝန်ကြီးသည် သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်ရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၀။ (က) မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀,၀၀၀ မှ အများဆုံး ကျပ် ၁၅၀,၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည် -

(၁) သစ်တောနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(၂) မွေးမြူထားသော တိရစ္ဆာန်များကို သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(၃) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ မြေကိုခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(၄) သစ်တောနယ်မြေအတွင်း ရေစီးရေလာပျက်စီးစေခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊ ရေတွင်လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(၅) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရဘဲ တိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း သို့မဟုတ် ငါးဖမ်းခြင်း၊

(၆) သစ်တောနယ်မြေအတွင်း သစ်တောများ မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်များ ထားရှိခြင်း၊

(၇) သစ်တောကင်းရုံး၏စစ်ဆေးခြင်းကိုမခံယူဘဲ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၈) ဝန်ကြီးဌာနက စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကိုဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်၏ခွင့်ပြုချက်ဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းကိုဖြစ်စေ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(၉) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) (၂) (၃) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ယင်းပြစ်မှုနှင့်စပ်လျဉ်းသည့် လူ၊ စိုက်ပျိုးပင်၊ သီးနှံပင်၊ တိရစ္ဆာန်၊ အဆောက်အအုံ အပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော

ပစ္စည်းများကို စီရင်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သစ်တောနယ်မြေအတွင်းမှ အပြီးအပိုင် ဖယ်ရှားရန် အမိန့်ချမှတ်ရမည်။

၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀,၀၀၀ မှ အများဆုံး ကျပ် ၅၀၀,၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှ ထွက်ရှိသောသစ်မှအပ သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှအပ မည်သည့်သစ်ပင်ကိုမဆို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း သို့မဟုတ် ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဂ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (စ) အရ ထုတ်ယူသော သစ်တောထွက်ပစ္စည်းကို ထုတ်ယူခွင့်ပေးသူ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း သို့မဟုတ် အခြားလုပ်ငန်း၌ လွှဲပြောင်းသုံးစွဲခြင်း၊

(ဃ) ခွင့်ပြုမိန့်မရရှိဘဲ မီးသွေးဖိုတည်ထောင်ခြင်း သို့မဟုတ် မီးသွေးဖုတ်ခြင်း။

၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ၃ နှစ်မှ အများဆုံး ၇ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀,၀၀၀ မှ အများဆုံး ကျပ် ၁,၀၀၀,၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်ကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင်လက်ဝယ်ထားရှိခြင်း၊

(ခ) သစ်အခြေခံအသုံးပြုသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ ခွင့်ပြုမိန့်မရရှိဘဲ လွှစင်၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့်စက် တည်ထောင်လုပ်ကိုင်ခြင်း၊ လက်ကိုင်စက်လွှ လက်ဝယ်ထားရှိခြင်း။

၄၃။ (က) မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းသစ်ကိုထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်းပြုလျှင် ထိုသူအား အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၁၅ သိန်းမှ ကျပ်သိန်း ၃၀ ထိ ချမှတ်နိုင်သည်၊

(ခ) မည်သူမဆို သစ်တောနယ်မြေတွင်ဖြစ်စေ၊ အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းပင်ကိုသင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၁၅ သိန်းမှ ကျပ်သိန်း ၃၀ ထိ ချမှတ်နိုင်သည်၊

(ဂ) မည်သူမဆို သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေမှအပ ကျန်မြေပေါ်တွင် ပေါက်ရောက်တည်ရှိနေသော ကျွန်းပင်ကို ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား ၅ နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂၀၀,၀၀၀ မှ အများဆုံးကျပ် ၆၀၀,၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဃ) ပုဒ်မ (၈)၊ ပုဒ်မခွဲ (ခ) အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်များမှအပ ကျွန်းပင်ကို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း သို့မဟုတ် ခွင့်ပြုမိန့်မရရှိဘဲ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း ဖြစ်လျှင် ထိုသူအား ၁ နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂၀၀,၀၀၀ မှ အများဆုံးကျပ် ၃၀၀,၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(င) ပုဒ်မ (၈)၊ ပုဒ်မခွဲ (ခ) အရ ပိုင်ဆိုင်ခွင့်ရှိသော ကျွန်းပင်ကို ခွင့်ပြုမိန့်မရရှိဘဲ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းပြုလျှင် ထိုသူအား ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၅၀,၀၀၀ မှ အများဆုံး ကျပ် ၁၀၀,၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

၄၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၅ နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀,၀၀၀ မှ အများဆုံး ကျပ် ၁,၀၀၀,၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) သစ်တောဝန်ထမ်းများ အသုံးပြုသည့် တံဆိပ်တုံးတစ်ခုခုကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် တံဆိပ်တုံးအတုပြုလုပ်ခြင်း၊ တံဆိပ်တုံးအတုကို လက်ဝယ်ထားခြင်း သို့မဟုတ် တံဆိပ်တုံးအတုဖြင့် သစ်တောထွက်ပစ္စည်းတွင် ရိုက်မှတ်ခြင်း၊

(ခ) သစ်တောဝန်ထမ်းများအသုံးပြုသည့် တံဆိပ်တုံး သို့မဟုတ် ကိုယ်ပိုင်တံဆိပ်တုံးကို သစ်တောထွက်ပစ္စည်းတွင် တရားမဝင်ရိုက်မှတ်ခြင်း၊

(ဂ) သစ်တောထွက်ပစ္စည်းတွင် သစ်တောဝန်ထမ်း သို့မဟုတ် ယင်းက တာဝန်ယူကြီးကြပ်၍ လွှဲအပ်ထားသူက ရိုက်မှတ်ထားသည့် တံဆိပ်အမှတ်အသားကို ပုံသဏ္ဌာန်ပျက်အောင် ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် မထင်ရှားစေရန် ဖျက်ပစ်ခြင်း၊

(ဃ) သစ်တောနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကို ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်အောင် ပြုလုပ်ခြင်း။

၄၅။ မည်သည့်သစ်တောဝန်ထမ်းမဆို ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ တစ်ဦးတစ်ယောက်သောသူအား ထိခိုက်နစ်နာစေရန် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ခိုင်လုံသော အကြောင်းမရှိဘဲ သိမ်းယူလျှင် ၁ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀,၀၀၀ မှ အများဆုံး ကျပ် ၁၀၀,၀၀၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၆။ မည်သည့်သစ်တောဝန်ထမ်းမဆို မိမိ၏လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ တစ်ဦးတစ်ယောက်ထံမှ ပစ္စည်း သို့မဟုတ် ငွေကြေးကို အဂတိလိုက်စားသောနည်းဖြင့်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သောနည်းဖြင့်ဖြစ်စေ ရယူ၍ မသမာသောနည်းဖြင့် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကိုထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင်လက်ဝယ်ထားရှိခြင်းကိစ္စတွင် ပါဝင်ပူးပေါင်းကြံစည်လျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၇ နှစ်အထိ ကျခံစေရမည်။

၄၇။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သောပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာ ပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်၊

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် သစ်တောဦးစီးဌာန၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ရမည်။

၄၈။ တရားရုံးသည် -

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ခ) ပုဒ်မ ၄၅ အရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မတရားသဖြင့် ပစ္စည်းသိမ်းခြင်းခံရသူအား နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

## အခန်း (၁၃)

## အထွေထွေ

၄၉။ အခန်း (၁၂) ပုဒ်မ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၀။ (က) ဝန်ကြီးသည် ဤဥပဒေအရ ထုတ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းများအတွက် ရရန်ရှိသည့် အခွန်အခကို လျှော့ပေါ့ပေးခြင်း၊ လျှော်ပစ်ခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း ပြုနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (စ) အရ ထုတ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းများအတွက် ရရန်ရှိသည့် အခွန်အခကို လျှော့ပေါ့ပေးခြင်း၊ လျှော်ပစ်ခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း ပြုနိုင်သည်။

၅၁။ (က) ဝန်ကြီးသည် ဤဥပဒေအရ ဝန်ကြီးဌာနအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ညွှန်ကြားရေးမှူးချုပ်အားလွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို သစ်တောအရာရှိများအားလွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၅၂။ ဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သစ်တောဝန်ထမ်းများဝတ်ဆင်မည့် တူညီဝတ်စုံသတ်မှတ်ခြင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းထားသည့် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် တောတွင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ကာကွယ်ရန်နှင့် လုပ်ငန်းအထောက်အကူပြုစေရန်အတွက် ကိုင်ဆောင်ခွင့်ရှိသော လက်နက်၊ ကိရိယာ၊ လုပ်ငန်းသုံးပစ္စည်းများကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခွင့်ရှိသည်။

၅၃။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သောသစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကောလိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၅၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရားများကိုဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သောအကူအညီများကို ပေးရမည်။

၅၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၅၆။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့်အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် သစ်တောထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေထင်ရှားပြရန် တာဝန်ရှိသည်။

၅၇။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေအရ တည်ရှိဆဲကြိုးဝိုင်းတောများနှင့် ကြိုးပြင်ကာကွယ်တောများကို ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောများနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည်ဟု မှတ်ယူရမည်။

၅၈။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်သူများအား ဤဥပဒေအရသာလျှင် အရေးယူရမည်။

၅၉။ ၁၉၀၂ ခုနှစ် သစ်တောအက်ဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ ဆာကျူလာများနှင့် ၁၉၉၂ ခုနှစ် သစ်တောဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများ၊ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၁။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

## မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။ )

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃-က တွင် -

(က) ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်။

(၁) Notwithstanding anything contained in any other laws, in the case of instruments (conveyance, gift and mortgage-deed) affecting immovable property situated wheresoever in the whole of the Republic of the Union of Myanmar, stamp duties charged by Articles 23,33 and 40 (a) respectively of Schedule (1) annexed to this Act shall be increased by an additional stamp duty of 2 per centum for a consideration equal to the market-value of the property so situated.

(၂) ပုဒ်မခွဲ (၂) တွင်ပါရှိသော "The Ministry of Finance of the Union Government" ဆိုသည့် စကားရပ်ကို "The Ministry of Planning and Finance of the Union Govern-

ment" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "to the Township Development Funds" ဆိုသည့် စကားရပ်ကို "to the respective Region or State Government" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) တို့တွင်ပါရှိသော "ten times" ဆိုသည့်စကားရပ်ကို "three times" ဟု အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား ၁ တွင်ပါရှိသော အမှတ်စဉ် (၁၅) ရှိ "one and a half per centum" ဆိုသည့်စကားရပ်ကို "0.5 per centum" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၂၃) ရှိ "Three per centum"ဆိုသည့်စကားရပ်ကို "Two per centum" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၃၅) (ဂ) ရှိ "Kyat 600" ဆိုသည့်စကားရပ်ကို "Kyat 300" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၆၂) ရှိ "0.3 per centum"ဆိုသည့်စကားရပ်ကို "0.1 per centum" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၄၀၀/၂၀၁၇)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဇီးကုန်းမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်တေဇာလွင် (တ/၃၂၂၅) အား မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၄၀၃/၂၀၁၇)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ စေတုတ္တရာမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ဥမ္မာမြင့် (တ/၃၁၃၁) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၈/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်)

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၂) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၂) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၂) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | လေ ၁၇၈၁<br>ဗိုလ်မှူးချုပ် သန်းလွင် | အစား | ကြည်း ၁၈၈၀၄<br>ဗိုလ်မှူးချုပ် ကျော်စန်းလင်း |
| (၂) | ကြည်း ၂၃၁၅၈<br>ဗိုလ်မှူးကြီး မင်းသန်း | အစား | ကြည်း ၂၄၃၄၈<br>ဗိုလ်မှူး စံဝင်းခိုင် |
| (၃) | လေ ၂၁၂၇<br>ဗိုလ်မှူးကြီး မောင်မောင်ဦး | အစား | ကြည်း ၁၈၆၄၅<br>ဗိုလ်မှူးချုပ် နိုင်ဝင်း |
| (၄) | ကြည်း ၂၇၉၇၈<br>ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်ဝင်း | အစား | ကြည်း ၂၆၂၀၄<br>ဗိုလ်မှူး ရဲထွန်း |
| (၅) | ကြည်း ၃၀၇၇၁<br>ဒုတိယဗိုလ်မှူးကြီး ရဲထွန်းနိုင် | အစား | ကြည်း ၂၀၃၁၃<br>ဗိုလ်မှူး သန်းဝင်း |
| (၆) | ကြည်း ၃၁၂၂၅<br>ဒုတိယဗိုလ်မှူးကြီး အောင်ဇင်မင်း | အစား | ကြည်း ၂၅၂၃၃<br>ဗိုလ်မှူး ထင်ဇော်လွင် |
| (၇) | ကြည်း ၂၉၇၇၂<br>ဗိုလ်မှူး တင်အောင်ဝင်း | အစား | ကြည်း ၂၀၆၈၃<br>ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦး |
| (၈) | ကြည်း ၃၀၅၁၉<br>ဗိုလ်မှူး မြတ်သိန်း | အစား | အင်န် ၈၂၇<br>ဗိုလ်ကြီး ဒေါ်တင်မာဆွေ |
| (၉) | ကြည်း ၃၃၂၆၁<br>ဗိုလ်မှူး ဟန်စိုးထွဋ် | အစား | အင်န် ၉၂၅<br>ဗိုလ်ကြီး ဒေါ်မြင့်မြင့်နွယ် |
| (၁၀) | လေ ၂၄၆၄<br>ဗိုလ်မှူး ရဲမြင့်လွင် | အစား | ကြည်း ၂၁၄၂၈<br>ဒုတိယဗိုလ်မှူးကြီး ကျော်မင်းလှိုင် |
| (၁၁) | လေ ၂၅၉၉<br>ဗိုလ်မှူး စိုးမင်းအေး | အစား | ကြည်း ၂၀၇၇၁<br>ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့် |
| (၁၂) | လေ ၂၆၀၉<br>ဗိုလ်မှူး ကျော်လင်း | အစား | ကြည်း ၂၁၁၃၅<br>ဒုတိယဗိုလ်မှူးကြီး သောင်းစိန် |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၉/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၀) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၀) ဦး တို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၀၃၃၁<br>ဗိုလ်မှူးချုပ် သက်ထွန်းအောင် | အစား | ကြည်း ၂၁၈၆၈<br>ဗိုလ်မှူးချုပ် ဇော်ဇော်နိုင် |
| (၂) | ကြည်း ၃၁၃၁၄<br>ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင် | အစား | ကြည်း ၂၁၉၃၄<br>ဗိုလ်မှူးကြီး အောင်ကျော်မိုး |
| (၃) | ကြည်း ၃၀၅၆၆<br>ဗိုလ်မှူး နေမျိုးကျော် | အစား | ကြည်း ၁၈၀၇၈<br>ဒုတိယဗိုလ်မှူးကြီး ခင်မောင်အုန်း |
| (၄) | ကြည်း ၃၁၂၇၄<br>ဗိုလ်မှူး မောင်မောင်ငြိမ်း | အစား | ကြည်း ၁၉၄၀၄<br>ဗိုလ်မှူးချုပ် တင်ဆွေ |
| (၅) | ကြည်း ၂၉၂၀၉<br>ဗိုလ်မှူး ကျော်နိုင်ဌေး | အစား | ကြည်း ၂၈၄၈၈<br>ဗိုလ်ကြီး ထွန်းထွန်းဌေး |
| (၆) | ကြည်း ၃၂၄၇၅<br>ဗိုလ်မှူး ဇော်လင်းအောင် | အစား | ကြည်း ၂၆၈၇၆<br>ဗိုလ်မှူး ရဲအောင်စော |
| (၇) | ကြည်း ၃၃၅၀၉<br>ဗိုလ်မှူး ရဲဝင့်စိုး | အစား | အင်န် ၉၂၈<br>ဗိုလ်ကြီး ဒေါ်သဇင်လှိုင် |
| (၈) | ကြည်း ၃၃၅၁၀<br>ဗိုလ်မှူး ရဲမင်းထွေး | အစား | ကြည်း ၁၉၀၂၇<br>ဗိုလ်မှူးကြီး ကောင်းကျော် |
| (၉) | ကြည်း ၃၃၅၁၈<br>ဗိုလ်မှူး မျိုးမောင်သိန်း | အစား | အင်န် ၈၅၀<br>ဗိုလ်ကြီး ဒေါ်သန်းသန်းဝင်း |
| (၁၀) | ရေ ၄၁၄၆<br>ဗိုလ်မှူး အောင်ဖြိုးကျော် | အစား | ရေ ၃၇၇၉<br>ဒုတိယဗိုလ်မှူးကြီး စိုးနိုင် |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၀/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆) နှင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၈/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂) ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၆၉၁၄<br>ဗိုလ်မှူး ဝင်းမျိုးအောင် | (အစား) | ကြည်း ၂၈၆၅၆<br>ဗိုလ်ကြီး ရန်နောင်မြင့် |

**ကယားပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၂၂၅၈၂<br>ဗိုလ်မှူးကြီး ဇော်မျိုးတင် | (အစား) | ကြည်း ၂၈၅၇၀<br>ဗိုလ်ကြီး ရွှေတိုး |

**ကရင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၃၀၇၄၅<br>ဗိုလ်ကြီး/ဗိုလ်မှူး ဦးကျော်အေး | (အစား) | ကြည်း ၂၇၃၈၄<br>ဗိုလ်ကြီး အောင်မြင့်ထွန်း |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၂၅၁၇၄<br>ဗိုလ်မှူး စောစိန်ကျော် | (အစား) | ကြည်း ၂၄၉၃၅<br>ဗိုလ်မှူး မျိုးဟိန်း |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၅) | ကြည်း ၃၂၅၇၀<br>ဗိုလ်မှူး မြင့်နိုင် | (အစား) | ကြည်း ၂၈၅၇၆<br>ဗိုလ်ကြီး ထွန်းမြင့်လတ် |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၂၉၅၁၈<br>ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်အောင် | (အစား) | ကြည်း ၂၈၈၀၇<br>ဗိုလ်ကြီး တိုးအောင်မြင့် |
| (၇) | ကြည်း ၃၁၁၆၆<br>ဒုတိယဗိုလ်မှူးကြီး အောင်စည်မျိုး | (အစား) | ကြည်း ၂၉၀၃၇<br>ဗိုလ်ကြီး စိုးနိုင် |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၈) | ရေ ၄၀၆၂<br>ဗိုလ်မှူး ကောင်းမြတ်စိုး | (အစား) | ကြည်း ၂၈၆၉၈<br>ဗိုလ်ကြီး သိန်းဆွေမြင့် |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၉) | ရေ ၄၀၁၂<br>ဒုတိယဗိုလ်မှူးကြီး သန်းနိုင် | (အစား) | ကြည်း ၃၀၆၈၁<br>ဗိုလ်ကြီး ရဲအောင် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁၀) | ကြည်း ၂၉၆၉၉<br>ဒုတိယဗိုလ်မှူးကြီး တင်မျိုးနောင် | (အစား) | ကြည်း ၁၉၀၃၅<br>ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကို |
| (၁၁) | ကြည်း ၃၀၅၄၅<br>ဒုတိယဗိုလ်မှူးကြီး ညီညီတင် | (အစား) | ကြည်း ၂၃၈၁၄<br>ဒုတိယဗိုလ်မှူးကြီး ကျော်သူရ |
| (၁၂) | အင်န် ၅၆၄<br>ဗိုလ်မှူး ဒေါ်နှင်းယုကျော် | (အစား) | ကြည်း ၂၃၈၂၀<br>ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင် |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၁/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်)

**ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီအား ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၈၂) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ** သည် ယင်းပါတီ၏အမည်ကို **ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏ အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ** အား **၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှစ၍ ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်)

### မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ ဦးဘသင်းလမ်း၊ အမှတ် (၃) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)** အား ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)** ၏ မှတ်ပုံတင်အမှတ်မှာ (၁၀၂) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၃/၂၀၁၇)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)

### တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက် အမှတ် (၂/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| ကြည်း ၁၅၁၀၁ | **အစား** | ကြည်း ၂၅၁၆၈ |
| ဗိုလ်မှူးချုပ် ကိုကိုဝင်း | | ဗိုလ်မှူး ခင်မောင်ချို |

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၄/၂၀၁၇)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲ လိုက်သည် -

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၁၆၄၃၈ | **အစား** | ကြည်း ၂၇၂၉၄ |
| ဗိုလ်မှူးကြီး ခင်မောင်ဌေး | | ဗိုလ်မှူးကြီး လှမျိုးရွှေ |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်)

အမှတ် ၂၇၉/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး/ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဌာနစုမှူး (၁)/ ဒုတိယအတွင်းဝန်များအား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နံနက်ပိုင်းမှ အစပြု၍ လက်ထောက်ညွှန်ကြားရေးမှူး/ပထမအတွင်းဝန်များအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန |
|---|---|---|
| ၁။ | ဦးဝင်းမြင့်ဦး | မြန်မာသံရုံး၊ ဒါကာမြို့ |
| ၂။ | ဦးဇော်ထွဋ် | စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန |
| ၃။ | ဦးသန်းလွင် | မြန်မာသံရုံး၊ စင်ကာပူမြို့ |
| ၄။ | ဦးချစ်ခိုင် | မြန်မာသံရုံး၊ ရီယာဒ်မြို့ |

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇၂/၂၀၁၅) အားရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူးများအတွက် လစာနှုန်းထား (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အဖြစ် လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့စွဲပါ စာအမှတ်၊ ဘခ-၁/ ၂၉၅ (၅၀၄၄/ ၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ပထမအတွင်းဝန်များအတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ (၄၄၀) ကိုလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၄ ရက်)

အမှတ် ၂၈၂/၂၀၁၇ ။ ။ ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်း အား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ခံစားရန်ရှိသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို မူလအခြေခံနည်းဥပဒေအတွဲ (၁)၊ အပိုဒ် ၈၆ (က) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာငြင်းပယ်လိုက်သည်။

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၃၈၀/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ သီတာမြိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-(၆၁၃ က/ ဆိပ်ကြီးအနောက်ကွင်း)၊ ဦးပိုင်အမှတ် (၃) မှ **မြေဧရိယာ (၃၆. ၉၂) ဧကနှင့်** ကွင်းအမှတ်/အမည်-(၆၁၈ က/ကရပ်ကွင်း)၊ ဦးပိုင်အမှတ် (၂) မှ **မြေဧရိယာ (၂၇. ၅၃) ဧက၊ စုစုပေါင်းမြေဧရိယာ (၆၄. ၄၅) ဧက**အား **ကဏန်းပျော့မွေးမြူရေးလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၇,၇၃၄,၀၀၀/-)** နှုန်းဖြင့် **ဦးဖေဝင်း [၉/ မရမ (နိုင်) ၀၈၂၄၄၁]၊ ကဏန်းများကမ္ဘာကုမ္ပဏီ** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၈၁/၂၀၁၇)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ သီတာမြိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၆၁၂/ ငွေးပင်ကွင်း)၊ ဦးပိုင်အမှတ် (၇) မှ **မြေဧရိယာ (၂. ၄၁) ဧက**အား **ကဏန်းပျော့မွေးမြူရေးလုပ်ငန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၈၉,၂၀၀/-)** နှုန်းဖြင့် **ဦးဖေဝင်း [၉/ မရမ (နိုင်) ၀၈၂၄၄၁]၊ ကဏန်းများကမ္ဘာကုမ္ပဏီ** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၈၄/၂၀၁၇)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ သီတာမြိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၆၁၃ဏ/ ဆိပ်ကြီးအနောက်ကွင်း)၊ ဦးပိုင်အမှတ် (၂) မှ **မြေဧရိယာ (၁၀၂. ၇၆) ဧက**အား **ကဏန်းပျော့မွေးမြူရေးလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၂,၃၃၁,၂၀၀/-)** နှုန်းဖြင့် **ဦးဖေဝင်း [၉/ မရမ (နိုင်) ၀၈၂၄၄၁]၊ ကဏန်းများကမ္ဘာကုမ္ပဏီ** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၈၆/၂၀၁၇)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ သီတာမြိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၆၁၂/ ဝွေးပင်ကွင်း)၊ ဦးပိုင်အမှတ် (၂) မှ **မြေဧရိယာ (၁၀၁. ၄၄) ဧက**အား **ကဏန်းပျော့မွေးမြူရေးလုပ်ငန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၂,၁၇၂,၈၀၀/-)** နှုန်းဖြင့် **ဦးဖေဝင်း [၉/ မရမ (နိုင်) ၀၈၂၄၄၁]၊ ကဏန်းများကမ္ဘာကုမ္ပဏီ** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၈၇/၂၀၁၇)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ သီတာမြိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-(၆၁၃ဏ/ ဆိပ်ကြီးအနောက်ကွင်း)၊ ဦးပိုင်အမှတ် (၁) မှ **မြေဧရိယာ (၆၅. ၅၂) ဧက**နှင့် ကွင်းအမှတ်/အမည်-(၆၁၈ဏ/ ကရပ်ကွင်း)၊ ဦးပိုင်အမှတ် (၁) မှ **မြေဧရိယာ (၃. ၅၀) ဧက၊ စုစုပေါင်းမြေဧရိယာ (၆၉. ၀၂) ဧက** အား **ကဏန်းပျော့မွေးမြူရေးလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၈,၂၈၂,၄၀၀/-)** နှုန်းဖြင့် **ဦးဖေဝင်း [၉/ မရမ (နိုင်) ၀၈၂၄၄၁]၊ ကဏန်းများကမ္ဘာကုမ္ပဏီ**အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၈၈/၂၀၁၇)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ သီတာမြိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-(၆၁၂/ ဝွေးပင်ကွင်း)၊ ဦးပိုင်အမှတ် (၆) မှ **မြေဧရိယာ (၃၇. ၂၂) ဧက**အား **ကဏန်းပျော့မွေးမြူရေးလုပ်ငန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၄,၄၆၆,၄၀၀/-)** နှုန်းဖြင့် **ဦးဖေဝင်း [၉/ မရမ (နိုင်) ၀၈၂၄၄၁]၊ ကဏန်းများကမ္ဘာကုမ္ပဏီ** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၉၀/၂၀၁၇)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ သီတာမြိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-(၆၁၃ဏ/ ဆိပ်ကြီးအနောက်ကွင်း)၊ ဦးပိုင်အမှတ် (၄) မှ **မြေဧရိယာ (၂၈. ၂၂) ဧက**နှင့် ကွင်းအမှတ်/အမည်-(၆၁၈ဏ/ ကရပ်ကွင်း)၊ ဦးပိုင်အမှတ် (၄) မှ **မြေဧရိယာ (၂၁. ၇၈) ဧက၊ စုစုပေါင်းမြေဧရိယာ (၅၀. ၀၀) ဧက**အား **ကဏန်းပျော့မွေးမြူရေးလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၆,၀၀၀,၀၀၀/-)** နှုန်းဖြင့် **ဦးဖေဝင်း [၉/ မရမ (နိုင်) ၀၈၂၄၄၁]၊ ကဏန်းများကမ္ဘာကုမ္ပဏီ** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၄၅/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၉ ရက်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ယခင်-ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန) ၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၄) ဖြင့် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်မိန့်ထုတ်ပြန်ခဲ့သည့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းလေးအရှေ့ကြိုးဝိုင်းတောတစ်စိတ်တစ်ဒေသ၊ ကြိုးဝိုင်းတော ပယ်ဖျက်မြေဧရိယာ **(၆၂၂. ၀၀)** ဧကအနက်မှ သလဲဦးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၁၉၅/ဟိုတယ်ဇုန်၊ ဦးပိုင်အမှတ် (၈၃)၊ မြေဧရိယာ **(၅. ၇၉)** ဧကကို **ဟိုတယ်မြေ** အဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၆၃၀,၅၃၀ိ/-)** နှုန်းဖြင့် **ဦးသီဟအောင် [၁၃/လရန (နိုင်) ၀၈၃၄၈၃]** သို့ အထက်မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ ၇၉ (ဠ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၄၆/၂၀၁၇)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ယခင်-ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန) ၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၄) ဖြင့် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်မိန့်ထုတ်ပြန်ခဲ့သည့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းလေးအရှေ့ကြိုးဝိုင်းတောတစ်စိတ်တစ်ဒေသ၊ ကြိုးဝိုင်းတော ပယ်ဖျက်မြေဧရိယာ **(၆၂၂. ၀၀)** ဧကအနက်မှ သလဲဦးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၁၉၅/ဟိုတယ်ဇုန်၊ ဦးပိုင်အမှတ် (၆၉)၊ မြေဧရိယာ **(၅. ၃၀)** ဧကကို **ဟိုတယ်မြေ** အဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၅၇၇,၁၇၀ိ/-)** နှုန်းဖြင့် **ဒေါ်သီတာလွင် [၁၂/ဗဟန (နိုင်) ၀၅၂၅၈၆]**၊ မန်နေးဂျင်း ဒါရိုက်တာ (Fairness Travels and Tours Co., Ltd.) သို့ အထက်မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ ၇၉ (ဠ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၀၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ လွှစင်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-(၃၂၈ က/နှီးကမွတ်ကွင်း)၊ ဦးပိုင်အမှတ် (N ၃၀) မှ **မြေဧရိယာ (၄၉. ၀၉) ဧက**နှင့် ဦးပိုင်အမှတ် (N ၃၁)မှ **မြေဧရိယာ (၃၄. ၁၈) ဧက၊ စုစုပေါင်းမြေဧရိယာ (၈၃. ၂၇) ဧကကို ဘိလပ်မြေစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၂,၉၉၇,၇၂၀ိ/-)** နှုန်းဖြင့် **ဒေါက်တာနုနုဝင်း [၁၀/ မလမ (နိုင်) ၁၄၃၂၄၀]၊ မန်နေးဂျင်းဒါရိုက်တာ၊** June Cement Industry Limited အမည်ဖြင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၄၉ (ခ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၀၄/၂၀၁၇)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်းအမှတ်/ အမည် - ၃၄၂/ လက်ပန်ချောင်၊ ဦးပိုင်အမှတ် ၃၅[၁]၊ ၃၅[၂]၊ ၃၉[၁]၊ ၄၀[၁]၊ ၄၀[၂] မှ မြေဧရိယာ (၇. ၆၀) ဧကအား **ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၉၁၂,၀၀၀ိ/-)** နှုန်းဖြင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီကိုယ်စား **ဦးအောင်ရွှေလှိုင် [၁၂/တမန (နိုင်) ၀၀၆၄၃၉]** သို့ အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၁ ခ (ဂ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၂၇/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ တောင်တော်ကျေးရွာအုပ်စု ကွင်းအမှတ်/ အမည် - ၂၅၂$^{က}$ (ကွင်းပြင်)/ကျောက်ဖျာအနောက်ကွင်း၊ ဦးပိုင်အမှတ် (၂၄$^{၁}$) မှ မြေဧရိယာ **(၁. ၇၇)** ဧက၊ ဦးပိုင်အမှတ် (၂၄$^{၂}$) မှ မြေဧရိယာ **(၂. ၁၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၁}$) မှ မြေဧရိယာ **(၁. ၀၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၂}$) မှ မြေဧရိယာ **(၄. ၁၈)** ဧက၊ ဦးပိုင်အမှတ် ($N^{၃}$) မှ မြေဧရိယာ **(၇. ၇၈)** ဧက၊ ဦးပိုင်အမှတ် ($N^{၄}$) မှ မြေဧရိယာ **(၃. ၉၈)** ဧက၊ ဦးပိုင်အမှတ် ($N^{၅}$) မှ မြေဧရိယာ **(၁. ၀၃)** ဧက၊ ဦးပိုင်အမှတ် ($N^{၆}$) မှ မြေဧရိယာ **(၃. ၅၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၇}$) မှ မြေဧရိယာ **(၁. ၆၅)** ဧက၊ ဦးပိုင်အမှတ် ($N^{၈}$) မှ မြေဧရိယာ **(၃. ၆၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၉}$) မှ မြေဧရိယာ **(၂. ၀၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၁၀}$) မှ မြေဧရိယာ **(၄. ၁၈)** ဧက၊ ဦးပိုင်အမှတ် ($N^{၁၁}$) မှ မြေဧရိယာ **(၁. ၅၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၁၈}$) မှ မြေဧရိယာ **(၁. ၀၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၁၉}$) မှ မြေဧရိယာ **(၃. ၂၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၀}$) မှ မြေဧရိယာ **(၁. ၇၆)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၁}$) မှ မြေဧရိယာ **(၂. ၃၅)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၂}$) မှ မြေဧရိယာ **(၁. ၃၅)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၃}$) မှ မြေဧရိယာ **(၂. ၉၃)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၃-၁}$) မှ မြေဧရိယာ **(၄. ၄၅)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၄}$) မှ မြေဧရိယာ **(၀. ၄၅)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၅-၁}$) မှ မြေဧရိယာ **(၁. ၂၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၅-၂}$) မှ မြေဧရိယာ **(၂. ၀၄)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၆-၁}$) မှ မြေဧရိယာ **(၁. ၅၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၆-၂}$) မှ မြေဧရိယာ **(၉. ၉၂)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၇}$) မှ မြေဧရိယာ **(၀. ၉၆)** ဧက၊ ကွင်းအမှတ်/အမည်-၂၅၂$^{ခ}$ (ကွင်းပြင်)/ကျောက်ဖျာအရှေ့ကွင်း၊ ဦးပိုင်အမှတ် ($N^{၁၂}$) မှ မြေဧရိယာ **(၂. ၀၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၁၃}$) မှ မြေဧရိယာ **(၂. ၀၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၁၄}$) မှ မြေဧရိယာ **(၁. ၇၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၁၅-၁}$) မှ မြေဧရိယာ **(၁. ၉၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၁၆}$) မှ မြေဧရိယာ **(၁. ၆၉)** ဧက၊ ဦးပိုင်အမှတ် ($N^{၁၇}$) မှ မြေဧရိယာ **(၃. ၄၆)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၈}$) မှ မြေဧရိယာ **(၁. ၁၁)** ဧက၊ ဦးပိုင်အမှတ် ($N^{၂၉-၁}$) မှ မြေဧရိယာ **(၁. ၅၂)** ဧက၊ ဦးပိုင်အမှတ် ($N^{၃၂-၁}$) မှ မြေဧရိယာ **(၁. ၈၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၃၃}$) မှ မြေဧရိယာ **(၁. ၀၀)** ဧက၊ ဦးပိုင်အမှတ် ($N^{၃၄}$) မှ မြေဧရိယာ **(၅. ၃၁)** ဧက၊ ဦးပိုင်အမှတ် ($N^{၃၅-၁}$) မှ မြေဧရိယာ **(၁. ၆၃)** ဧက၊ အခြားမြေ **(၁၅၃. ၅၀)** ဧက၊ စုစုပေါင်းမြေဧရိယာ **(၂၅၀. ၀၀)** ဧက အား **ကျားခေါင်း ဘီလပ်မြေစက်ရုံ** မြေနေရာအဖြစ်အသုံးပြုရန် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၈,၀၀၀,၀၀၀/-)** နှုန်းဖြင့် ဦးဌေးနိုင်(ခ)ရန်မြင့်ရှု **[၁၃/နခန (ဧည့်) ၀၀၀၁၃၀]** (မန်နေးဂျင်းဒါရိုက်တာ UE Export Import Co., Ltd.) သို့ အထက်မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ **၇၉ (ဃ)** အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၄၂/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ ကသဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် - ကွင်းပြင်/ကသဲ၊ ဦးပိုင်အမှတ် ($N^{၆၂}$) မှ မြေဧရိယာ **၆. ၇၈** ဧကအား **ဟိုတယ် ဆောက်လုပ်ရန်** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၈၁၃,၆၀၀/-)** နှုန်းဖြင့် **ဦးသိုက်စိုးဝင်း [၉/မခန (နိုင်) ၀၀၆၈၃၀]၊ ဒေါ်မီမီသန့် [၉/မကန (နိုင်) ၀၆၅၀၁၁]၊ ဒေါ်အေးအေးအောင် [၁၂/ကမတ (နိုင်) ၀၀၇၃၈၇]၊ ဒေါ်နီလာခင် [၇/ညလပ (နိုင်) ၀၀၁၄၀၁]၊ ဒေါ်သီရိနိုင် [၂/လကန (နိုင်) ၀၄၃၄၅၄]၊ ဦးရဲထူးအောင် [၁၁/စကန (နိုင်) ၀၀၆၄၅၂]၊ ဦးအေးကျော် [၁၂/ရကန (နိုင်) ၀၇၁၆၅၂] နှင့် ဦးနေဝင်းအောင် [၁၂/ပဘတ (နိုင်) ၀၀၁၂၅၁] တို့ (၈) ဦး**သို့ အထက်မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ ၇၉ (ဃ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၄၉/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၇ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ကော့ပနောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၄၀၄/ဝဲကော့ကျိုက်ကွင်း)၊ ဦးပိုင်အမှတ် (N ၈၆) မှ **မြေဧရိယာ (၇. ၅၀) ဧကကို ဘိလပ်မြေစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၂၇၀,၀၀၀/-)** နှုန်းဖြင့် **ဒေါက်တာ နုနုဝင်း [၁၀/ မလမ (နိုင်) ၁၄၃၂၄၀]၊ မန်နေးဂျင်းဒါရိုက်တာ၊ June Cement Industry Limited** အမည်ဖြင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၄၉ (ခ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၅၀/၂၀၁၇)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ကော့ပနောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၄၀၅/ဝဲနိုင်ကွင်း)၊ ဦးပိုင်အမှတ် (N ၁၀၈) မှ မြေဧရိယာ (၂. ၅၅) ဧက၊ ဦးပိုင်အမှတ် (N ၁၁၃) မှ မြေဧရိယာ (၃. ၉၃) ဧက၊ ဦးပိုင်အမှတ် (N ၁၇၅) မှ မြေဧရိယာ (၁. ၀၀) ဧက၊ ဦးပိုင်အမှတ် (N ၁၇၆) မှ မြေဧရိယာ (၂. ၆၅) ဧက၊ ဦးပိုင်အမှတ် (N ၁၇၉) မှ မြေဧရိယာ (၀. ၄၂) ဧက၊ ဦးပိုင်အမှတ် (N ၁၈၀) မှ မြေဧရိယာ (၂. ၀၁) ဧက၊ ဦးပိုင်အမှတ် (N ၁၈၁) မှ မြေဧရိယာ (၂. ၅၀) ဧက၊ ဦးပိုင်အမှတ် (N ၁၈၂) မှ မြေဧရိယာ (၁. ၃၈) ဧက၊ ဦးပိုင်အမှတ် (N ၁၈၃) မှ မြေဧရိယာ (၂. ၁၈) ဧက၊ ဦးပိုင်အမှတ် (N ၁၈၄) မှ မြေဧရိယာ (၀. ၁၅) ဧက၊ ဦးပိုင်အမှတ် (N ၁၈၅) မှ မြေဧရိယာ (၀. ၅၅) ဧက၊ ဦးပိုင်အမှတ် (N ၁၈၈) မှ မြေဧရိယာ (၀. ၅၁) ဧက၊ ဦးပိုင်အမှတ် (၂၇/၄၀) မှ မြေဧရိယာ (၁. ၇၆) ဧက၊ ဦးပိုင်အမှတ် (၂၇/၄၁) မှ မြေဧရိယာ (၁. ၄၀) ဧက၊ ဦးပိုင်အမှတ် (၂၇/၄၂)မှ မြေဧရိယာ (၇. ၀၀) ဧကနှင့် ဦးပိုင်အမှတ် (၂၆/၄၂) မှ မြေဧရိယာ (၀. ၅၀) ဧက၊ **စုစုပေါင်းမြေဧရိယာ (၃၀. ၄၉) ဧကကို ဘိလပ်မြေစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၁,၀၉၇,၆၄၀/-)** နှုန်းဖြင့် **ဒေါက်တာနုနုဝင်း [၁၀/ မလမ (နိုင်) ၁၄၃၂၄၀]၊ မန်နေးဂျင်းဒါရိုက်တာ၊ June Cement Industry Limited** အမည်ဖြင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၄၉ (ခ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၅၁/၂၀၁၇)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ကော့ပနောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- (၄၀၅/ဝဲနိုင်ကွင်း)၊ ဦးပိုင်အမှတ် (N ၁၈၇) မှ **မြေဧရိယာ (၆. ၁၂) ဧကကို ဘိလပ်မြေစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၂၂၀,၃၂၀/-)** နှုန်းဖြင့် **ဒေါက်တာနုနုဝင်း [၁၀/ မလမ (နိုင်) ၁၄၃၂၄၀]၊ မန်နေးဂျင်းဒါရိုက်တာ၊ June Cement Industry Limited** အမည်ဖြင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၄၉ (ခ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၅၂/၂၀၁၇)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ကျိုက်မရောမြို့နယ်၊ ကော့ပနောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- (၄၀၉က/ကော့ပနောရွာမကွင်း)၊ ဦးပိုင်အမှတ် (N ၉၁) မှ မြေဧရိယာ (၂. ၇၅) ဧက၊ ဦးပိုင်အမှတ် (N ၉၂) မှ မြေဧရိယာ (၃. ၀၀) ဧက၊ ဦးပိုင်အမှတ် (N ၉၃) မှ မြေဧရိယာ (၆. ၇၅) ဧက၊ ဦးပိုင်အမှတ် (N ၁၀၀) မှ မြေဧရိယာ (၁. ၀၀) ဧကနှင့် ကွင်းအမှတ် / အမည် - (၄၀၅/ဝဲနိုင်ကွင်း)၊ ဦးပိုင်အမှတ် (N ၁၇၇) မှ မြေဧရိယာ (၃. ၀၀) ဧက၊ ဦးပိုင်အမှတ် (၂၇/၄၅) မှ မြေဧရိယာ (၃. ၈၅) ဧက၊ **စုစုပေါင်း မြေဧရိယာ (၂၀. ၃၅) ဧကကို ဘိလပ်မြေစက်ရုံ** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင်

မြေငှားရမ်းခ **(၇၃၂,၆၀၀ိ/-)** နှုန်းဖြင့် **ဒေါက်တာနုနုဝင်း [၁၀/ မလမ (နိုင်) ၁၄၃၂၄၀]၊ မန်နေးဂျင်းဒါရိုက်တာ၊ June Cement Industry Limited** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၄၉ (ခ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၅၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည်-(၁၅၁ᵉ/အနောက်တောကွင်း)၊ ဦးပိုင်အမှတ် (-) မှ **မြေဧရိယာ ၂၁. ၀၀ ဧကကို မြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်၊ အမှတ် (၃) ဂရင်းနိုက်ကျောက်ပြားစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃,၀၂၄,၀၀၀ိ/-)** နှုန်းဖြင့် **စက်ရုံမှူး [အမှတ် (၃) ဂရင်းနိုက်ကျောက်ပြားစက်ရုံ]** သို့ အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၆၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၀ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်၊ အကွက်အမှတ်/အမည် -(၆၀၈/ကျောက်တန်း)၊ ဦးပိုင်အမှတ် (၇၆) မှ **မြေဧရိယာ ၅. ၈၇၀ ဧက**ကို အမှိုက်ကြိတ်စက်ရုံ မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၁,၃၃၈,၃၆၀ိ/-)** နှုန်းဖြင့် **မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့** အမည်ဖြင့် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၈၀/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၄ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ အကွက်အမှတ်-၁၅/A-4၊ ဦးပိုင်အမှတ် (၈) မှ မြေဧရိယာ **၈. ၅၃** ဧကကို "ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း" အမည်ပေါက် နှစ် (၃၀) မြေငှားဂရန်မြေအား **ဒေါ်သန်းသန်းနွဲ့** အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် ခွင့်ပြုချထားပေးပါရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ (၅၁၁,၈၀၀ိ/-) နှုန်းဖြင့် **ဒေါ်သန်းသန်းနွဲ့ [၁၂/ကမတ (နိုင်) ၀၁၉၅၆၂]** သို့ အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၁ - န/ပ အရ နှစ် (၃၀) အမည်ပြောင်း မြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၈၉/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံအား အင်အားလျှော့ချ၍ ဖွဲ့စည်းပုံပြင်ဆင်ခွင့်ပြုခြင်း

၂၀၁၇ ခုနှစ်၊ မေလ ၁၁ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇) မှ သဘောတူခွင့်ပြုချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အရာထမ်း (၁,၉၀၃) နေရာ၊ အမှုထမ်း (၃၈,၂၉၆) နေရာ၊ စုစုပေါင်း

(၄၀,၁၉၉) နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ အရာထမ်း (၄) နေရာ၊ အမှုထမ်း (၂၈၀) နေရာ၊ စုစုပေါင်း (၂၈၄) နေရာလျှော့ချ၍ အရာထမ်း (၁,၈၉၉) နေရာ၊ အမှုထမ်း (၃၈,၀၁၆) နေရာ၊ စုစုပေါင်း (၃၉,၉၁၅) နေရာဖြင့် လျှော့ချ ပြင်ဆင်ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၉၇/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၁၉၃၆ ယာယီရဲမှူးချုပ် အောင်နိုင်သူ အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၈၅၂/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ကတုံစိကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၄၁၅ / ကတုံစိအနောက်ကွင်း၊ ဦးပိုင်အမှတ် (N ၄၄/ခ) ရှိ **မြေဧရိယာ ၇. ၁၀ ဧကကို ဒေါ်စုစုခင် (ဒါရိုက်တာ)၊ Pacific Link Cement Industries Ltd.** အမည်ပေါက် MCL **ဘိလပ်မြေစက်ရုံ ဝန်ထမ်းအိမ်ရာ** မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၈၅၂,၀၀၀/-)** နှုန်းဖြင့် **ဒေါ်စုစုခင်[၉/ မရမ (နိုင်) ၀၇၈၈၃၈]** သို့ အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာ မြေများနည်းဥပဒေ ၄၉ (ခ) အရ**နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၅၅/၂၀၁၇)

နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၄၃၅/ ရွှေကြူရိုးကွင်း၊ ဦးပိုင်အမှတ် - ၉၊ မြေဧရိယာ - **၅. ၇၈** ဧကကို Mother City **ဂျင်းအခြောက်ခံစက်ရုံနှင့် သိုလှောင်ရုံများတည်ဆောက်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃၄၆,၈၀၀/-)** နှုန်းဖြင့် **ဒေါ်အေး [၇/ပတတ (နိုင်) ၁၀၆၆၇၂]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၇၉ (ဃ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၅၇/၂၀၁၇)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ကွမ်ငန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၄၁၀/ ဘားကျွန်းကွင်း၊ ဦးပိုင်အမှတ် (N ၁) ရှိ **မြေဧရိယာ ၇. ၈၀ ဧကကို ဒေါ်စုစုခင် (ဒါရိုက်တာ)၊ Pacific Link Cement Industries Ltd.** အမည်ပေါက် MCL **ဘိလပ်မြေစက်ရုံ ဝန်ထမ်းအိမ်ရာ** မြေအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၉၃၆,၀၀၀/-)** နှုန်းဖြင့် **ဒေါ်စုစုခင် [၉/ မရမ (နိုင်) ၀၇၈၈၃၈]** သို့ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၄၉ (ခ) အရ **နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်)

အမှတ် ၆၅။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း၊ ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ရှမ်းပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(က) **ရှမ်းပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးစိုင်းစွံဆိုင်း<br>ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုးစိုးဇော်<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးနိုးဝေ<br>ညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးဝင်းထွန်း<br>ပြည်နယ်ဥပဒေအရာရှိ<br>ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၅) | ရဲမှူးချုပ်အောင်အောင်<br>ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (၆) | ဦးသင်းထွဋ်ဟန်<br>ညွှန်ကြားရေးမှူး<br>ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးစိုးညွန့်ရွှေ<br>ဒုတိယညွှန်ကြားရေးမှူး<br>ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးသက်ထွန်းဝင်း<br>ဥက္ကဋ္ဌ<br>ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးစောဝင်းနိုင်<br>ဌာနခွဲမှူး (တာဝန်ခံ)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ လုပ်ငန်းစုရုံး၊ တောင်ကြီးမြို့ | အတွင်းရေးမှူး |

(ခ) **တွဲဖက်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ (လားရှိုး)**

| | | |
|---|---|---|
| (၁) | ဦးမြင့်သန်း<br>ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး<br>ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>လားရှိုးမြို့ | ဥက္ကဋ္ဌ |

(၂) ဦးခင်မောင်ဝင်း — အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
ခရိုင်ဥပဒေရုံး၊ လားရှိုးမြို့

(၃) ရဲမှူးကြီးအောင်မြတ်မိုး — အဖွဲ့ဝင်
တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး
တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လားရှိုးမြို့

(၄) ဦးအောင်မျိုးထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြို့နယ်အခွန်ဦးစီးမှူးရုံး၊ လားရှိုးမြို့

(၅) ဦးဝေလင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
တွဲဖက်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
လားရှိုးမြို့

(၆) ဦးကျော်နိုင်သင်း — အဖွဲ့ဝင်
တွဲဖက်ဥက္ကဋ္ဌ
တွဲဖက်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ၊ လားရှိုးမြို့

(၇) ဦးစောဝင်းနိုင် — အတွင်းရေးမှူး
ဌာနခွဲမှူး (တာဝန်ခံ)
မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ လုပ်ငန်းစုရုံး၊ တောင်ကြီးမြို့

## (ဂ) တွဲဖက်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ (ကျိုင်းတုံ)

(၁) ဦးရဲနိုင် — ဥက္ကဋ္ဌ
ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး
ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကျိုင်းတုံမြို့

(၂) ဦးမောင်မောင်တာ — အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
ခရိုင်ဥပဒေရုံး၊ ကျိုင်းတုံမြို့

(၃) ဒုတိယရဲမှူးကြီးသက်လွင် — အဖွဲ့ဝင်
တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး
တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ကျိုင်းတုံမြို့

(၄) ဦးသိန်းလွင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ခရိုင်အခွန်ဦးစီးဌာနမှူးရုံး၊ ကျိုင်းတုံမြို့

(၅) ဦးမောင်ကြည် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
တွဲဖက်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ကျိုင်းတုံမြို့

(၆) ဦးစိုင်းဆိုင်ခမ်း — အဖွဲ့ဝင်
တွဲဖက်ဥက္ကဋ္ဌ
တွဲဖက်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ၊ ကျိုင်းတုံမြို့

(၇) ဦးစောဝင်းနိုင် — အတွင်းရေးမှူး
ဌာနခွဲမှူး (တာဝန်ခံ)
မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ လုပ်ငန်းစုရုံး၊ တောင်ကြီးမြို့

## (ဝန်ကြီးရုံး)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်)

အမှတ် ၆၆ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါအမှုထမ်း (၃) ဦးအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (က) | ဒေါ်သိမ့်သိမ့်မျိုး | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ပုဗ္ဗသီရိမြို့နယ် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရမည်းသင်းခရိုင် |
| (ခ) | ဒေါ်သိန်းသန်းဌေး | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ကျောက်မဲခရိုင် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ဖာပွန်ခရိုင် |
| (ဂ) | ဦးနိုင်ဝင်းထွန်း | ဒုတိယဦးစီးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>တောင်ကြီးခရိုင် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မော်လိုက်ခရိုင် |

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

အမှတ် ၆၇ ။ ။ ၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၇) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် မေယု FM အစီအစဉ်အတွက် လုပ်ငန်းလိုအပ်ချက်အရ ဘင်္ဂါလီစကားတတ်ကျွမ်းသူ အောက်ဖော်ပြပါ (၂) ဦးကို အထူးကိစ္စတစ်ရပ်အနေဖြင့် ကျွမ်းကျင်သူအဖြစ် (လစဉ်ထောက်ပံ့ငွေ ၂၅၀,၀၀၀/-) ဖြင့် ၂၀၁၇ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်နေ့အထိ ပထမအကြိမ် တစ်နှစ်ခန့်ထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|
| (က) | ဦးလှမောင်သာ | ၁၁/တပဝ (နိုင်) ၀၀၁၁၁၂ |
| (ခ) | ဦးမြတ်ကျော် | ၁၁/မတန (နိုင်) ၀၂၂၇၈၇ |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကမ္ဘာ့အမွေအနှစ်ဆိုင်ရာအမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

**မြောက်ဦးဒေသကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (Steering Committee) ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၂)/၁၄/သမ္မတရုံးအရ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အမျိုးသားကော်မတီသည် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းများအား ထိရောက်စွာ ကြီးကြပ်ကွပ်ကဲနိုင်ရန် မြောက်ဦးဒေသကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (Steering Committee) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ပြည်နယ်ယဉ်ကျေးမှုဆိုင်ရာဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြောက်ဦးဒေသကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (Steering Committee) အဖွဲ့၏ လုပ်ငန်းတာဝန်များသည် အောက်ပါအတိုင်းဖြစ်သည် -

(က) မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း အောင်မြင်စွာ တင်သွင်းနိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပြုရန်၊

(ခ) နိုင်ငံတကာမှ ချမှတ်ပြဋ္ဌာန်းထားသည့် မူဘောင်တို့နှင့်ကိုက်ညီသည့် တင်သွင်းမှုစာတွဲရေးသားခြင်း၊ စီမံခန့်ခွဲရေးအစီအစဉ်ရေးဆွဲခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် စိစစ်ဆုံးဖြတ်မှုပေးရန်၊

(ဂ) မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းသတ်မှတ်ရန်အတွက် လိုအပ်သော အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆက်စပ်ခြင်းတို့ကို စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုပေးရန်၊

(ဃ) ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဦးဆောင်မှုပေးရန်၊

(င) ရန်ပုံငွေရရှိရေး၊ ရန်ပုံငွေအား ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲနိုင်ရေးနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ကြီးကြပ်စီစဉ်ညွှန်ကြားမှုပေးရန်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကမ္ဘာ့အမွေအနှစ်ဆိုင်ရာအမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

**မြောက်ဦးဒေသကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၂)/၁၄/သမ္မတရုံးအရ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အမျိုးသားကော်မတီသည် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေ အနှစ်စာရင်းတင်သွင်းနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မြောက်ဦး ဒေသကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည် -

(က) ဦးကျော်ဦးလွင် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ခ) ဒေါက်တာမြင့်သိန်း — အဖွဲ့ဝင်
အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့

(ဂ) ဦးဆန်းဦး — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗိသုကာအသင်း

(ဃ) ဦးညွန့်မောင်စန်း — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(င) ဦးစောထွေးဇော် — အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(စ) ဒေါ်နုမြဇံ — အဖွဲ့ဝင်
ပြတိုက်ပညာရှင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

(ဆ) ဒေါက်တာသာထွန်းမောင် — အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ်
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဇ) ဒေါက်တာကျော်မင်းထင် — အဖွဲ့ဝင်
သုတေသီ
စင်ကာပူအမျိုးသားတက္ကသိုလ်

(ဈ) ဦးသန်းမြင့် — အဖွဲ့ဝင်
Mrauk-U Heritage Trust

(ည) Mr. Kai Weise — အဖွဲ့ဝင်
UNESCO

(ဋ) ဒေါ်ဥမ္မာမျိုး — အဖွဲ့ဝင်
ယူနက်စကို (ရန်ကုန်ရုံးခွဲ)

(ဌ) ဦးတင်အောင်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဍ) ဦးဝင်းကြိုင် — အဖွဲ့ဝင်
ကျောင်းအုပ်ကြီး
ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဎ) ဒေါက်တာကျော်ဝင်းဦး — အဖွဲ့ဝင်
ပါမောက္ခ
သမိုင်းဌာန၊ စစ်တွေတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဏ) ဒေါက်တာစုစု — အဖွဲ့ဝင်
ပါမောက္ခ (ဌာနမှူး)
မန္တလေးနည်းပညာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(တ) ဦးကျော်မျိုးဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ
သရေခေတ္တရာဌာနစု၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ထ) ဒေါက်တာကျော်ဇေယျာထွန်း — အဖွဲ့ဝင်
ကထိက၊ မန္တလေးနည်းပညာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဒ) ဦးသန်းဇော်ဦး　　အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဓ) ဦးညိမ်းလွင်　　တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ မြောက်ဦးဌာနခွဲ
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

၂။　မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များသည် အောက်ပါအတိုင်းဖြစ်သည် -

(က) ကမ္ဘာ့အမွေအနှစ်တင်သွင်းရေး အဆိုပြုစာ Nomination Dossier ရေးသားပြုစုနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ခ) လက်ရှိကျန်ရှိနေသော ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု မဖြစ်စေရေးနှင့် မပျောက်မပျက်စေရေး ဒေသအဖွဲ့များနှင့် ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဂ) အကြံပေးအဖွဲ့နှင့် UNESCO အဖွဲ့၏ အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်များ၊ အကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဃ) ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရေး ကာကွယ်ထိန်းသိမ်းရာတွင် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်ရေး အခြေခံအဆင့်လုပ်ငန်းစဉ်နှင့် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(င) UNESCO က သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး “မူ” များ၊ လုပ်ငန်းစဉ်များနှင့်ဒေသခံများ၊ လိုက်နာဆောင်ရွက်ရန်များ၊ ကန့်သတ်ချက်များ၊ စည်းကမ်းများလိုက်နာစေရန် ပညာပေးခြင်း၊ ဟောပြောခြင်း၊ အနီးကပ်ကြီးကြပ်ခြင်းများ ဆောင်ရွက်ရန်၊ ဒေသရှိဌာနဆိုင်ရာများသို့လည်း အသိပညာဖြန့်ဝေရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ အောင်မြင်စွာစီမံခန့်ခွဲနိုင်ရေး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများပါ ပူးပေါင်းပါဝင်လာစေရေးဆောင်ရွက်ရန်၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ် တည်ရှိရာနေရာများ၊ ကြားခံဇရိယာများနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ ဒေသခံများလိုက်နာစေရန် ကြီးကြပ်ခြင်း၊ အသိပညာပေးခြင်း၊ ဟောပြောလှုံ့ဆော်ခြင်းတို့ ဆောင်ရွက်ရန်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကမ္ဘာ့အမွေအနှစ်ဆိုင်ရာအမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

**မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး အကြံပေးပညာရှင်အဖွဲ့ (Advisory Team) ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၂)/၁၄/သမ္မတရုံးအရ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အမျိုးသားကော်မတီသည် မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး အကြံပေးပညာရှင်အဖွဲ့ (Advisory Team) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဦးအောင်ကျော်ဇံ<br>ရခိုင်သမိုင်းသုတေသီ<br>အိုးတန်းရပ်၊ စစ်တွေမြို့ | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်လှသိန်း<br>သမိုင်းသုတေသီ<br>အိုးတန်းရပ်၊ စစ်တွေမြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးမောင်ဗသိန်း<br>ရခိုင်သမိုင်းသုတေသီ<br>မောလိပ်ရပ်၊ စစ်တွေမြို့ | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာစောထွန်းအောင်<br>ဒုတိယပါမောက္ခချုပ် (အငြိမ်းစား)<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာအေးချမ်း<br>ပညာရှင်၊ ပါမောက္ခ (အငြိမ်းစား)<br>ကန်တာတက္ကသိုလ်၊ ဂျပန် | အဖွဲ့ဝင် |
| (စ) | ဒေါ်နုမြဇံ<br>ပြတိုက်ပညာရှင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာမြင့်သိန်း<br>အဖွဲ့ဝင်<br>မြန်မာသမိုင်းအဖွဲ့ | အတွင်းရေးမှူး |

၂။ မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး အကြံပေးပညာရှင်အဖွဲ့ (Advisory Team) ၏ လုပ်ငန်းတာဝန်များသည် အောက်ပါအတိုင်းဖြစ်သည် -

(က) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးကိစ္စရပ် များ ပီပြင်စွာဆောင်ရွက်နိုင်ရေး စိစစ်အကြံပြုရန်၊

(ခ) ကမ္ဘာ့အမွေအနှစ်တင်သွင်းရေး လုပ်ငန်းစီမံချက်၊ နည်းပညာ၊ လိုအပ်ချက်များအကြံပြု ကြီးကြပ်ပေးရန်၊

(ဂ) ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များအလိုက် ဆက်စပ်နိုင်မှုအပေါ် စိစစ်အကြံပြုရန်၊

(ဃ) ကမ္ဘာ့အမွေအနှစ်တင်သွင်းရာတွင် အဆိုပြုစာမူကြမ်း Nomination Dossier ရေးသားရာတွင် အချက်အလက်မှန်ကန်ရေး စံနှုန်းသတ်မှတ်မှုများနှင့် ဘောင်ဝင်စေရေး ရေးသားပြုစုနိုင်ရန် အတွက် အကြံပြုဆောင်ရွက်ရန်၊

(င) ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အမျိုးသားရေးမူဝါဒနှင့်လုပ်ငန်းဆိုင်ရာလမ်းညွှန်မှု၊ ဆုံးဖြတ်မှုတို့နှင့်အညီ ဆောင်ရွက်နိုင်ရေး အကြံပြုပေးရန်၊

(စ) သက်ဆိုင်ရာအလိုက်ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို မှန်ကန်ချောမွေ့စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်နိုင်ရေးအကြံပြုရန်၊

(ဆ) ဆောင်ရွက်နေသော ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများသည် UNESCO က သတ်မှတ်ထားသည့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး **'မူ'** များ၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိစေရေး အကြံပြုရန်၊

(ဇ) ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းရေး သတ်မှတ်ချိန်ပြီးစီးရေး တိုက်တွန်းအကြံပြုရန်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇-၂၀၁၈)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၃/၂၀၁၇ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၆ တို့အရ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်များအပြင် အမြဲတမ်းအတွင်းဝန်၏ တာဝန်များကိုပါ ပူးတွဲထမ်းဆောင်လျက်ရှိသော ဦးကိုကိုလွင် အား စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၇ ကို ရည်ညွှန်းလျက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၇**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၀၅ (၁)/ ၈ / သမ္မတရုံး၏ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၄၃/၂၀၁၇ အား ရည်ညွှန်းလျက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာကိုကိုနိုင် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂။ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်းမှ ကျခံထုတ်ပေးသည့် လစာနှင့်စရိတ်များကို ခံစားခွင့်ရှိသော ဝန်ထမ်းများနှင့်သက်ဆိုင်သည်။ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သော်လည်း ယင်းတို့၏ လုပ်ငန်းသဘာဝနှင့် တာဝန်တို့အရ ဤနည်းဥပဒေများပါ ကိစ္စရပ်များနှင့် အကျုံးဝင်ခြင်းမရှိစေရ။"

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၃ တွင် -

(က) နည်းဥပဒေခွဲ (ခ) ကို ပယ်ဖျက်ရမည်။

(ခ) နည်းဥပဒေခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) အစမ်းခန့်ခြင်းဆိုသည်မှာ ဖွဲ့စည်းပုံပါဝန်ထမ်းအမျိုးအစားတစ်မျိုး၏ စတင်ခန့်ရာထူးတွင် ပုဂ္ဂိုလ်တစ်ဦးအား အတည်ပြုခန့်ထားခြင်းမပြုမီ ထိုဝန်ထမ်းအမျိုးအစား၏ လုပ်ငန်းသဘာဝအရ တတ်မြောက်ကျွမ်းကျင်စေရန်အတွက် ရှေးဦးစွာလေ့ကျင့်ပေးရန် လိုအပ်သောကြောင့် သီးခြားစည်းကမ်းချက်များ သတ်မှတ်လျက် အစမ်းခန့်ကာလထားရှိပြီး ခန့်ထားခြင်းကို ဆိုသည်။"

၄။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) နှင့် နည်းဥပဒေ ၂၁၇ တို့တွင်ပါရှိသော "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (ခ) နှင့် နည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ (က) တို့တွင်ပါရှိသော "နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ဃ)" ဆိုသည့် စကားရပ်ကို "နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (င)" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (က) တွင်ပါရှိသော "ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး" ဆိုသည့် စကားရပ်နှင့် နည်းဥပဒေ ၁၈၊ နည်းဥပဒေ ၂၈၊ နည်းဥပဒေခွဲ (စ)၊ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (ခ) နှင့် (ဂ)၊ နည်းဥပဒေ ၆၃ နှင့် နည်းဥပဒေ ၁၅၉ တို့တွင်ပါရှိသော "ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး" ဆိုသည့် စကားရပ်များကို "ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၂၁၀၊ နည်းဥပဒေခွဲ (ဈ)၊ နည်းဥပဒေခွဲငယ် (၂) တွင်ပါရှိသော "ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၂၂၂၊ နည်းဥပဒေခွဲ (ခ) တွင် ပါရှိသော "ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးများ" ဆိုသည့်စကားရပ်ကို "ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၃၅ တွင် -

(က) နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ရာထူးအဆင့်၏ လုပ်ငန်းသဘာဝအလိုက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်း သို့မဟုတ် ရေးဖြေစာမေးပွဲနှင့် လက်တွေ့လုပ်ငန်းကျွမ်းကျင်မှုနှစ်ရပ်လုံးဖြင့် စစ်ဆေးခြင်းတို့ကို ပြုလုပ်၍ လူတွေ့စစ်ဆေးပြီး အရည်အချင်းအကဲဖြတ်အမှတ်ပေးခြင်းတို့ကို ပြုလုပ်ရမည်။"

(ခ) နည်းဥပဒေခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) အကဲဖြတ်မှတ်တမ်းရေးရာတွင် ပုံစံ (၁၆) ပါအတိုင်း ဝန်ထမ်းအား အနီးကပ်တာဝန်ယူကြီးကြပ်ကွပ်ကဲသည့် အရာထမ်းက ကနဦးမှတ်တမ်းရေး၍ အထက်အဆင့်အလိုက် တာဝန်ယူ

ကြီးကြပ်သည့် အရာထမ်းများက ထပ်ဆင့်မှတ်တမ်းရေးပြီး ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ တာဝန်လွှဲအပ်ခြင်းခံရသူက အပြီးသတ် ထပ်ဆင့်ရေး၍ အတည်ပြုလက်မှတ်ရေးထိုးရမည်။"

(ဂ) နည်းဥပဒေခွဲ (ဇ)၊ နည်းဥပဒေခွဲငယ် (၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) အကဲဖြတ်အမှတ်ပေးရာတွင် -

(၃) သာမန်အောက်နှင့် ထူးချွန်အဆင့်များအတွက် ပုံစံ (၁၆) ပါ အကဲဖြတ်မှတ်တမ်းတွင် အကျိုးအကြောင်းကို အကျဉ်းချုပ်ဖော်ပြရမည်။"

၈။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (င) တွင်ပါရှိသော "ပြည်ထောင်စု အစိုးရအဖွဲ့၏" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၉။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၃၉ တွင်ပါရှိသော "တန်းစီဇယားရေးဆွဲရမည်။" ဆိုသည့် စကားရပ်ကို "တန်းစီဇယားကို ပုံစံ (၁၇) ပါအတိုင်းရေးဆွဲရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၀ တွင်ပါရှိသော "တန်းစီဇယားရေးဆွဲရမည်။" ဆိုသည့် စကားရပ်ကို "တန်းစီဇယားကို ပုံစံ (၁၈) ပါအတိုင်း ရေးဆွဲရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၁ တွင်ပါရှိသော "စစ်ဆေးမှုခံရသည့်ဝန်ထမ်းများ" ဆိုသည့် စကားရပ်ရှေ့တွင် "စုံစမ်း" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၄ တွင်ပါရှိသော "တန်းစီဇယားသက်တမ်းကုန်မှ ပြစ်ဒဏ်လွတ်မြောက်ပါက အရည်အချင်းစစ်ဆေးခြင်းကို ထပ်မံဖြေဆိုစေရမည်။" ဆိုသည့်စကားရပ်ကို "တန်းစီဇယားသက်တမ်းကုန်ချိန်တွင် ပြစ်ဒဏ်မလွတ်မြောက်သေးပါက အရည်အချင်းစစ်ဆေးခြင်းကို ထပ်မံ ဖြေဆိုရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၆ တွင် -

(က) နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ကိုယ်ရေးမှတ်တမ်း၊ လုပ်သက်ရမှတ်နှင့် အကဲဖြတ်ရမှတ်တို့ဖြင့် ပုံစံ (၁၈) ပါ အတိုင်း တန်းစီဇယားရေးဆွဲပြီး စိစစ်ရွေးချယ်ရမည်။"

(ခ) နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ချိန်နှုန်းလစာ (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အဆင့်မှ (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အဆင့်သို့ ရာထူးတိုးမြှင့်ရန်အတွက် အကဲဖြတ်ခြင်းကို သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း ၏ ချိန်နှုန်းလစာ (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) အဆင့်အရာရှိက ပုံစံ (၁၉) ပါအတိုင်း ကနဦးမှတ်တမ်းရေး၍ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ထပ်ဆင့်မှတ်တမ်းရေးပြီး ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးက အပြီးသတ်မှတ်တမ်းရေး၍ အတည်ပြုလက်မှတ် ရေးထိုးရမည်။"

(ဂ) နည်းဥပဒေခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ဖွဲ့စည်းပုံအရ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းတွင် ချိန်နှုန်းလစာ (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) အဆင့်အရာရှိ မရှိပါက စီမံခန့်ခွဲရေးဌာနကို တာဝန်ယူရသော ချိန်နှုန်းလစာ (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အရာရှိက ဦးဆောင်၍ အခြားရာထူးအဆင့်တူ အရာရှိများ ပါဝင်သော အဖွဲ့က ပုံစံ (၁၉) ပါအတိုင်း ကနဦးအကဲဖြတ်မှတ်တမ်းရေးပြီး ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက ထပ်ဆင့်မှတ်တမ်းရေးရမည်။"

(ဃ) နည်းဥပဒေခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ချိန်နှုန်းလစာ (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အဆင့်မှ (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) အဆင့်ထိ ရာထူးတိုးမြှင့်ရန်အတွက် အကဲဖြတ်ခြင်းကို ပုံစံ (၁၉) ပါအတိုင်း ဝန်ထမ်းအဖွဲ့

အစည်းအကြီးအမှူးက ကနဦးမှတ်တမ်းရေး၍ ယင်း၏အထက်အဆင့် အကြီးအမှူးက ထပ်ဆင့်မှတ်တမ်းရေးပြီး ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးက အပြီးသတ်မှတ်တမ်းရေး၍ အတည်ပြု လက်မှတ်ရေးထိုးရမည်။"

၁၄။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၇၊ နည်းဥပဒေခွဲ (စ)၊ နည်းဥပဒေခွဲငယ် (၃) တွင် ပါရှိသော "အကဲဖြတ်မှတ်တမ်းတွင်" ဆိုသည့် စကားရပ်ရှေ့တွင် "ပုံစံ (၁၉) ပါ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၅။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ တွင်ပါရှိသော "ထူးခြားသောအခြေအနေများကြောင့် ချီးမြှင့်လိုပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် သင့်လျော်သလို မိမိအခွင့်အာဏာဖြင့် ရာထူးတိုးမြှင့်ပေးနိုင်သည်"။ ဆိုသည့်စကားရပ်ကို "ထူးခြားသောအခြေအနေများကြောင့် ချီးမြှင့်လိုပါက အရည်အချင်းစိစစ်ဆေးရေးအဖွဲ့၏ ထောက်ခံတင်ပြမှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ သဘောတူညီချက်ဖြင့် ရာထူးတိုးမြှင့်ပေးနိုင်သည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၀။ ပြက္ခဒိန်နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် ဝန်ထမ်းတစ်ဦး၏ ခွင့်စာရင်း၌ ကျန်ရှိသော လုပ်သက်ခွင့်များကို ဆက်လက်စုဆောင်းခွင့်ရှိသည်။ သို့ရာတွင် စုဆောင်းနိုင်သည့် ခွင့်ရက်သည် နှစ်လထက် မပိုစေရ။"

၁၇။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၁။(က) အမျိုးသမီးဝန်ထမ်းများသည် မီးဖွားခွင့်ကို စတင်ခံစားသည့်နေ့ရက်မှစ၍ ခြောက်လအထိ ခံစားခွင့်ရှိသည်။

(ခ) မီးဖွားခွင့်ကို ခွင့်ပြုရာတွင် -

(၁) အခြားခွင့်များနှင့် ဆက်စပ်၍ ခွင့်မပြုရ။

(၂) ဆေးလက်မှတ်အထောက်အထားဖြင့် တောင်းခံပါက အခြားခွင့်များကို မီးဖွားခွင့်၏ နောက်မှဆက်၍ ခွင့်ပြုနိုင်သည်။

(၃) ကိုယ်ဝန်ဆောင်နေသည့်ကာလအတွင်း သန္ဓေပျက်ကျသည့်အခြေအနေမျိုးတွင် ဆေးလက်မှတ်အထောက်အထားဖြင့် ခြောက်ပတ်ထက်မပိုသည့် မီးဖွားခွင့်ကို ခွင့်ပြုရမည်။

(၄) သန္ဓေပျက်ရန် စိုးရိမ်ဖွယ်ရာရှိသောအခြေအနေမျိုးအတွက် မီးဖွားခွင့်မပေးရ။ အခြား သင့်လျော်ရာခွင့်သာ ခွင့်ပြုရမည်။

(၅) ကိုယ်ဝန်အဆိပ်တက်ခြင်းတွင် မီးဖွားခွင့်ကို မထိခိုက်စေဘဲ ဆေးလက်မှတ်ဖြင့် ခြောက်ပတ်ထက်မပိုသော သင့်လျော်သည့် ခွင့်ပေးရမည်။

(၆) အမွှာပူး သို့မဟုတ် ယင်းထက်ပို၍ မွေးဖွားပါက သာမန်မီးဖွားခွင့်ကုန်ဆုံးရက်၏ နောက်ရက်မှစပြီး ကလေးများပြုစုစောင့်ရှောက်နိုင်ရန် ရက်သတ္တပတ်ခြောက်ပတ်တိုး၍ မီးဖွားခွင့်အဖြစ် ခွင့်ပြုရမည်။

(ဂ) မီးဖွားသောအမျိုးသမီး၏ခင်ပွန်းသည် ဝန်ထမ်းဖြစ်လျှင် မွေးကင်းစကလေးပြုစုစောင့်ရှောက်ခွင့် ရရှိရေးအတွက် ခင်ပွန်းဖြစ်သူကို ရက်သတ္တပတ်နှစ်ပတ် ခွင့်ပြုရမည်။ ယင်းရက်သတ္တပတ်နှစ်ပတ်ကို တာဝန်ချိန်အဖြစ် သတ်မှတ်ပြီး လစာနှုန်းပြည့် ခံစားခွင့်ပြုရမည်။"

၁၈။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၅၂။(က) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဖြစ်စေ ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသများကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်သော ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသတွင် တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ဒေသစရိတ်ကို သတ်မှတ်နှုန်းထားများအတိုင်း ခံစားခွင့်ရှိသည်။"

၁၉။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် -

(က) နည်းဥပဒေ ၁၅၃ ၏ခြေဆင်းကို ပယ်ဖျက်ရမည်။

(ခ) နည်းဥပဒေ ၁၅၃၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသတွင် သွားရောက်နေထိုင်ပြီး အောက်ပါသတ်မှတ်ချက်တစ်ရပ်ရပ်တွင် အကျုံးဝင်မှသာ ဒေသစရိတ်ခံစားခွင့်ရှိသည် -

(၁) သက်ဆိုင်ရာဌာနက ပြောင်းရွှေ့တာဝန်ချထားခြင်း၊

(၂) စီမံကိန်း၊ လုပ်ငန်းသုတေသနပြုလုပ်ခြင်း၊ စစ်တမ်းကောက်ယူခြင်း သို့မဟုတ် အလားတူလုပ်ငန်းများဆောင်ရွက်ရန် အနည်းဆုံး လေးလထက်ကျော်လွန်သောကာလ သတ်မှတ်ချက်ဖြင့် တာဝန်ချထားခြင်း၊ တွဲဖက်တာဝန်ချထားခြင်း သို့မဟုတ် တာဝန်ဖြင့်သွားရောက်အမှုထမ်းရခြင်း၊

(၃) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သော ဒေသစရိတ်ခံစားခွင့်ဆိုင်ရာ သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း။"

(ဂ) နည်းဥပဒေ ၁၅၃၊ နည်းဥပဒေခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသမှ ဒေသစရိတ်ခံစားခွင့်မရှိသည့်ဒေသတွင် နိုင်ငံတော်က ကျင်းပသည့် နေ့ကြီးရက်ကြီးအခမ်းအနားတက်ရောက်ရန်ဖြစ်စေ၊ တာဝန်ဖြင့်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ဌာနဆိုင်ရာသင်တန်းများ တက်ရောက်ရန်ဖြစ်စေ၊ ဌာနအလိုက်ပြုလုပ်သောပြပွဲ၊ ပြိုင်ပွဲများနှင့် နိုင်ငံတော်က ကြီးမှူးပြုလုပ်သည့် ပြပွဲပြိုင်ပွဲများတွင် လေ့ကျင့်ယှဉ်ပြိုင်ရန်ဖြစ်စေ၊ တာဝန်ဖြင့် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပသို့ သွားရောက်ရာတွင် သက်ဆိုင်ရာနိုင်ငံ/အဖွဲ့အစည်းက နေထိုင်စားသောက်စရိတ်ကျခံခြင်းမရှိသည့် ကိစ္စရပ်များအတွက်ဖြစ်စေ ဒေသစရိတ်ခံစားခွင့်ရှိသည်။ သို့ရာတွင် ပြည်ပသို့ သွားရောက်ရာတွင် သက်ဆိုင်ရာနိုင်ငံ/အဖွဲ့အစည်းက နေထိုင်စားသောက်စရိတ်ကျခံသည့် ကိစ္စရပ်များ၌ လေးလထက်မပိုသော ကာလအတွက်သာ ဒေသစရိတ်ခံစားခွင့်ရှိသည်။"

၂၀။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၇၀၊ နည်းဥပဒေခွဲ (ခ) တွင်ပါရှိသော "ဝန်ထမ်း၌ အပြစ်ရှိကြောင်း" ဆိုသည့် စကားရပ်ရှေ့တွင် "ခိုင်လုံသောအထောက်အထားများအရ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၂၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (ခ) တွင်ပါရှိသော "အသက် ၅၅ နှစ် ပြည့်ပြီးဖြစ်သော ဝန်ထမ်းသည်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

**ပုံစံ (၁၆)**

**လက်ထောက်ညွှန်ကြားရေးမှူးအဆင့်နှင့်အောက်ဝန်ထမ်းများအတွက် အကဲဖြတ်မှတ်တမ်းပုံစံ**

**[ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၃၅(စ)၊ (ဇ) (၃) ]**

**.................... ဝန်ကြီးဌာန/အဖွဲ့အစည်း**

**................. ဌာန/လုပ်ငန်း/ရုံး**

**.......... နေ့မှစ၍ ......... နေ့အထိ.............. ၏ အကဲဖြတ်မှတ်တမ်း**

**၁။ ကိုယ်ရေးအချက်အလက်**

(က) အမည် ................................................

(ခ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ..................................

(ဂ) မွေးဖွားရာဇာတိ ...........................................

(ဃ) အဘအမည် .............................................

(င) အသက်(မွေးသက္ကရာဇ်) ......................................

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ...............................

(ဆ) ထင်ရှားသည့်အမှတ်အသား .....................................

(ဇ) လက်ရှိရာထူး ............................................

(ဈ) လက်ရှိရာထူးရရှိသည့်နေ့နှင့်ရာထူးသက် ..........................

(ည) လက်ရှိအလုပ်အကိုင်ရလာပုံ ...................................

(ဋ) ပြိုင်အရွေးခံ (သို့) တိုက်ရိုက်ခန့် .................................

(ဌ) စတင်တာဝန်ထမ်းဆောင်သည့်နေ့နှင့်စုစုပေါင်းအမှုထမ်းသက် ................

(ဍ) ပြန်တမ်းဝင်အရာရှိဖြစ်သည့်နေ့နှင့် စုစုပေါင်းအရာရှိလုပ်သက် ...............

(ဎ) ဌာန/ဌာနခွဲ/ဌာနစိတ် .......................................

**၂။ ပညာဆည်းပူးသင်ယူလေ့လာခဲ့မှုအခြေအနေ**

| **အောင်လက်မှတ်ရပြီးသောအခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များ** | **ကျောင်းအမည်နှင့် ဘာသာရပ်*** | **အောင်သောနှစ် ထူးချွန်မှု** |
|---|---|---|
| (က) မူလတန်း | | |
| (ခ) အလယ်တန်း | | |
| (ဂ) အထက်တန်း | | |
| (ဃ) တက္ကသိုလ်/ကောလိပ် | | |
| (င) နောက်ဆက်တွဲဒီပလိုမာ/ဘွဲ့များ | | |
| (စ) အခြားဆည်းပူးခဲ့သောဘာသာရပ်များ။* ပြည်တွင်း/ပြည်ပ** | | |
| (ဆ) ဌာနဆိုင်ရာစာမေးပွဲများ/သင်တန်းများ။ | | |
| (ဇ) ဝါသနာထုံမှု | | |

* ဘာသာရပ်ဆိုင်ရာ၌ တက္ကသိုလ်ဘာသာရပ်များကို ဆိုလိုသည်။

** မသက်ဆိုင်သောစကားလုံးကိုဖျက်ပါ။

## ၃။ အကဲဖြတ်၍ အမှတ်ပေးရမည့်အချက်များ

| အမှတ်စဉ် | အကြောင်းအရာ | အကဲဖြတ်အမှတ် (အမှတ်ပြည့် ၁၀ မှတ်စီ) | | |
|---|---|---|---|---|
| | | ကနဦး | ထပ်ဆင့် | အပြီးသတ် |
| ၁ | ပေးအပ်သောတာဝန်နှင့်ဝတ္တရားများကို ကျေပွန်အောင်ထမ်းရွက်ခြင်း | | | |
| ၂ | လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း | | | |
| ၃ | ယုံကြည်စိတ်ချရခြင်း | | | |
| ၄ | လေ့လာဆည်းပူးခြင်း | | | |
| ၅ | ကြိုးစားမှုရှိခြင်း | | | |
| ၆ | တီထွင်ကြံဆတတ်ခြင်း | | | |
| ၇ | ရုံး၊ အလုပ်ရုံစည်းကမ်းများကိုလိုက်နာခြင်း | | | |
| ၈ | အများအကျိုးအတွက် စေတနာ့ဝန်ထမ်း ဆောင်ရွက်ခဲ့ခြင်း | | | |
| ၉ | ဆက်ဆံရေးပြေပြစ်ခြင်း | | | |
| ၁၀ | ခေါင်းဆောင်မှုပေးနိုင်ခြင်း | | | |
| | **အမှတ်ပေါင်း** | | | |

ကနဦးမှတ်တမ်းရေးသူ

လက်မှတ် ...................

အမည် ...................

ရာထူး ...................

ဌာန ...................

နေ့စွဲ ...................

ထပ်ဆင့်မှတ်တမ်းရေးသူ

လက်မှတ် ...................

အမည် ...................

ရာထူး ...................

ဌာန ...................

နေ့စွဲ ...................

အပြီးသတ်မှတ်တမ်းရေးသူ
(ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး)

လက်မှတ် ...................

အမည် ...................

ရာထူး ...................

ဌာန ...................

နေ့စွဲ ...................

**၄။ အကဲဖြတ်အမှတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အကျိုးအကြောင်းဖော်ပြချက်**

(အချက်တစ်ချက်ချင်းစီအတွက် ၃ မှတ်နှင့်အောက် သို့မဟုတ် ၉ မှတ်နှင့်အထက်ဖြစ်ပါက အကဲဖြတ်သူက ကျိုးကြောင်းဖော်ပြချက် ရေးသားရန်ဖြစ်ပါသည်။)

အကဲဖြတ်ခံရသူအမည် -

ရာထူး -

(၁) ပေးအပ်သောတာဝန်နှင့်ဝတ္တရားများကို ကျေပွန်အောင်ထမ်းရွက်ခြင်း

(၂) လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း

(၃) ယုံကြည်စိတ်ချရခြင်း

(၄) လေ့လာဆည်းပူးခြင်း

(၅) ကြိုးစားမှုရှိခြင်း

(၆) တီထွင်ကြံဆတတ်ခြင်း

(၇) ရုံး၊ အလုပ်ရုံစည်းကမ်းများကို လိုက်နာခြင်း

(၈) အများအကျိုးအတွက် စေတနာ့ဝန်ထမ်း ဆောင်ရွက်ခဲ့ခြင်း

(၉) ဆက်ဆံရေးပြေပြစ်ခြင်း

(၁၀) ခေါင်းဆောင်မှုပေးနိုင်ခြင်း

ကနဦးမှတ်တမ်းရေးသူ/ထပ်ဆင့်မှတ်တမ်းရေးသူ/
အပြီးသတ်မှတ်တမ်းရေးသူ၏လက်မှတ် -
အမည် -
ရာထူး -
ဌာန -

ရက်စွဲ၊

ပုံစံ (၁၇)

တန်းစီဇယားပုံစံ

[ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၃၉ ]

........................ ဝန်ကြီးဌာန/အဖွဲ့အစည်း

............. ရာထူးမှ ............. ရာထူးသို့ တိုးမြှင့်ပေးရန်တန်းစီဇယား

| စဉ် | အမည် | လက်ရှိ ရုံး/ဌာန | လုပ်သက်ရမှတ် (၁၀၀) မှတ် | အကဲဖြတ်ရမှတ် (၁၀၀) မှတ် | ရေးဖြေ/လက်တွေ့/ ရေးဖြေနှင့် လက်တွေ့ ရမှတ် (၁၀၀) မှတ် | လူတွေ့ရမှတ် (၅၀) မှတ် | ရမှတ် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

အရည်အချင်းစစ်ဆေးရေးအဖွဲ့

| ဥက္ကဋ္ဌ | အဖွဲ့ဝင်-၁ | အဖွဲ့ဝင်-၂ |
|---|---|---|
| အမည်- | အမည်- | အမည်- |
| ရာထူး- | ရာထူး- | ရာထူး- |

တန်းစီဇယားအတည်ပြုသူ(ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး/ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး)

[နည်းဥပဒေ ၂၈ (စ)]

ပုံစံ (၁၈)

**တန်းစီဇယားပုံစံ**

**[ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၀၊ နည်းဥပဒေ ၄၆ (ခ) ]**

**........................ ဝန်ကြီးဌာန/အဖွဲ့အစည်း**

**.............. ရာထူးမှ .............. ရာထူးသို့ ရာထူးတိုးမြှင့်ပေးရန်တန်းစီဇယား**

| စဉ် | အမည် | လက်ရှိ ရုံး/ဌာန | လုပ်သက်ရမှတ် (၁၀၀) မှတ် | အကဲဖြတ်ရမှတ် (၁၀၀) မှတ် | ရမှတ်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

**အရည်အချင်းစစ်ဆေးရေးအဖွဲ့**

| ဥက္ကဋ္ဌ | အဖွဲ့ဝင်-၁ | အဖွဲ့ဝင်-၂ |
|---|---|---|
| အမည်- | အမည်- | အမည်- |
| ရာထူး- | ရာထူး- | ရာထူး- |

**တန်းစီဇယားအတည်ပြုသူ(ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး/ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး)**

**[နည်းဥပဒေ ၂၈ (စ)]**

**ပုံစံ (၁၉)**

**ဒုတိယညွှန်ကြားရေးမှူး (သို့မဟုတ်) ညွှန်ကြားရေးမှူးအဆင့်ရာထူးအတွက် အကဲဖြတ်မှတ်တမ်းပုံစံ**

**[ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၆(ဂ)(ဃ)(င)၊ နည်းဥပဒေ ၄၇ (စ)(၃) ]**

**.................... ဝန်ကြီးဌာန/အဖွဲ့အစည်း**

**................. ဌာန/လုပ်ငန်း/ရုံး**

**........... နေ့မှစ၍ .......... နေ့အထိ.............. ၏ အကဲဖြတ်မှတ်တမ်း**

**၁။ ကိုယ်ရေးအချက်အလက်**

(က) အမည် ................................................

(ခ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ..................................

(ဂ) မွေးဖွားရာဇာတိ ..........................................

(ဃ) အဘအမည် ...............................................

(င) အသက်(မွေးသက္ကရာဇ်) .......................................

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ...............................

(ဆ) ထင်ရှားသည့်အမှတ်အသား ....................................

(ဇ) လက်ရှိရာထူး ..............................................

(စျ) လက်ရှိရာထူးရရှိသည့်နေ့နှင့်ရာထူးသက် ............................

(ည) လက်ရှိအလုပ်အကိုင်ရလာပုံ ....................................

(ဋ) ပြိုင်အရွေးခံ (သို့) တိုက်ရိုက်ခန့် ...................................

(ဌ) စတင်တာဝန်ထမ်းဆောင်သည့်နေ့နှင့်စုစုပေါင်းအမှုထမ်းသက် ...............

(ဍ) ပြန်တမ်းဝင်အရာရှိဖြစ်သည့်နေ့နှင့် စုစုပေါင်းအရာရှိလုပ်သက် ...............

(ဎ) ဌာန/ဌာနခွဲ/ဌာနစိတ် .........................................

**၂။ ပညာဆည်းပူးသင်ယူလေ့လာခဲ့မှုအခြေအနေ**

| **အောင်လက်မှတ်ရပြီးသောအခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များ** | **ကျောင်းအမည်နှင့် ဘာသာရပ်*** | **အောင်သောနှစ် ထူးချွန်မှု** |
|---|---|---|
| (က) မူလတန်း | | |
| (ခ) အလယ်တန်း | | |
| (ဂ) အထက်တန်း | | |
| (ဃ) တက္ကသိုလ်/ကောလိပ် | | |
| (င) နောက်ဆက်တွဲဒီပလိုမာ/ဘွဲ့များ | | |
| (စ) အခြားဆည်းပူးခဲ့သောဘာသာရပ်များ။* ပြည်တွင်း/ပြည်ပ** | | |
| (ဆ) ဌာနဆိုင်ရာစာမေးပွဲများ/သင်တန်းများ။ | | |
| (ဇ) ဝါသနာထုံမှု | | |

* ဘာသာရပ်ဆိုင်ရာ၌ တက္ကသိုလ်ဘာသာရပ်များကို ဆိုလိုသည်။

** မသက်ဆိုင်သောစကားလုံးကိုဖျက်ပါ။

**၃။ အကဲဖြတ်၍ အမှတ်ပေးရမည့်အချက်များ**

| အမှတ်စဉ် | အကြောင်းအရာ | အကဲဖြတ်အမှတ် (အမှတ်ပြည့် ၂၀ မှတ်စီ) | | |
|---|---|---|---|---|
| | | ကနဦး | ထပ်ဆင့် | အပြီးသတ် |
| ၁ | ခေါင်းဆောင်မှုပေးနိုင်ခြင်း | | | |
| ၂ | ယုံကြည်စိတ်ချရခြင်း | | | |
| ၃ | လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း | | | |
| ၄ | တာဝန်ကိုလိုလားစွာထမ်းဆောင်ခြင်း | | | |
| ၅ | ဆက်ဆံရေးပြေပြစ်ခြင်း | | | |
| | **အမှတ်ပေါင်း** | | | |

ကနဦးမှတ်တမ်းရေးသူ
လက်မှတ် ......................
အမည် ......................
ရာထူး ......................
ဌာန ......................
နေ့စွဲ ......................

ထပ်ဆင့်မှတ်တမ်းရေးသူ
(ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး)
လက်မှတ် ......................
အမည် ......................
ရာထူး ......................
ဌာန ......................
နေ့စွဲ ......................

အပြီးသတ်မှတ်တမ်းရေးသူ
(ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး)
လက်မှတ် ......................
အမည် ......................
ရာထူး ......................
ဌာန ......................
နေ့စွဲ ......................

## ၄။ အကဲဖြတ်အမှတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အကျိုးအကြောင်းဖော်ပြချက်

(အချက်တစ်ချက်ချင်းစီအတွက် သာမန်အောက် ၇ မှတ်နှင့်အောက် သို့မဟုတ် ထူးချွန်အဆင့်အတွက် ၁၆ မှတ်နှင့်အထက်ပေးမှသာ အကဲဖြတ်သူက ကျိုးကြောင်းဖော်ပြချက် ရေးသားရန်ဖြစ်ပါသည်။)

အကဲဖြတ်ခံရသူအမည် -

ရာထူး -

(၁) ခေါင်းဆောင်မှုပေးနိုင်ခြင်း

(၂) ယုံကြည်စိတ်ချရခြင်း

(၃) လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း

(၄) တာဝန်ကိုလိုလားစွာထမ်းဆောင်ခြင်း

(၅) ဆက်ဆံရေးပြေပြစ်ခြင်း

ကနဦးမှတ်တမ်းရေးသူ/ထပ်ဆင့်မှတ်တမ်းရေးသူ/
အပြီးသတ်မှတ်တမ်းရေးသူ၏လက်မှတ် -
အမည် -
ရာထူး -
ဌာန -

ရက်စွဲ၊

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် ( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၇၂/ ၂၀၁၇

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) နေရာများတွင် အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးများအား ယင်းတို့နှင့်ယှဉ်တွဲပါ ရုံး၊ ဌာနကြီးများတွင် တိုးမြှင့်ခန့်ထားလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးအောင်ကျော်ဇော | သုတေသန၊ သတင်းပြန်ကြားရေးနှင့်တိုင်ကြားစာများဌာနကြီး |
| (၂) | ဦးလွင်ဦး | အိမ်တော်များဌာနကြီး |
| (၃) | ဦးလင်းအောင် | စီးပွားရေးရာဌာနကြီး |
| (၄) | ဦးသိန်းဝင်း | ဒုတိယသမ္မတ (၁) ဦးစီးရုံး |
| (၅) | ဒေါက်တာဒေါ်စုစုခိုင် | သမ္မတဦးစီးရုံး |
| (၆) | ဦးစောနိုင် | လူမှုရေးနှင့်ယဉ်ကျေးမှုဌာနကြီး |
| (၇) | ဒေါ်ခင်နှင်းရှိန် | သုတေသန၊ သတင်းပြန်ကြားရေးနှင့်တိုင်ကြားစာများဌာနကြီး |
| (၈) | ဒေါက်တာဒေါ်ထိုက်ယမင်း | အိမ်တော်များဌာနကြီး |
| (၉) | ဦးကောင်းထက် | လုံခြုံရေးအရာရှိချုပ်ဌာနကြီး |
| (၁၀) | ဒေါ်ရီရီသန့် | လူမှုရေးနှင့်ယဉ်ကျေးမှုဌာနကြီး |
| (၁၁) | ဦးထက်အောင် | စီးပွားရေးရာဌာနကြီး |
| (၁၂) | ဦးထင်ဇော်လွင် | နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး |
| (၁၃) | ဦးစိန်လှိုင် | စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး |
| (၁၄) | ဦးချစ်တင် | အိမ်တော်များဌာနကြီး |

ဝင်းကျော်အောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၇)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) ၏ သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့် ဖွဲ့စည်းပုံသစ်နှင့်အညီ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံးမှ အောက်ပါ အရာထမ်းများအား သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်ဖြင့် ယှဉ်တွဲပါ ရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး/ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/ လစာနှုန်း |
|---|---|---|---|
| (၁) | ဦးမြင့်ဝေ | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) |
| (၂) | ဒေါ်ဌေးဌေးခိုင် | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) |

### အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၇)

၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၁၇) ၏ အတည်ပြုချက်အရ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ရုံး အသီးသီး၌ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ပါအရာထမ်း ၂၃ ဦးအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်ရုံးများရှိ လစ်လပ်လျက်ရှိသော လစာနှုန်းတူရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး/ လစာနှုန်း | ပြောင်းရွှေ့ခန့်မည့် ရာထူး/ဌာန |
|---|---|---|---|
| (၁) | ဦးဆန်းဦး | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ညွှန်ကြားရေးမှူး ချင်းပြည်နယ်လွှတ်တော်ရုံး |
| (၂) | ဦးကျော်သူရ | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၃) | ဦးမြင့်ဝေ | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ညွှန်ကြားရေးမှူး တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၄) | ဦးကိုကိုဦး | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၅) | ဦးတင့်နိုင်ဦး | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ညွှန်ကြားရေးမှူး မကွေးတိုင်းဒေသကြီး လွှတ်တော်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး/ လစာနှုန်း | ပြောင်းရွှေ့ခန့်မည့် ရာထူး/ဌာန |
|---|---|---|---|
| (၆) | ဒေါ်ခင်မြမြ | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ညွှန်ကြားရေးမှူး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၇) | ဒေါ်ဆွေဆွေထွန်း | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ညွှန်ကြားရေးမှူး မွန်ပြည်နယ်လွှတ်တော်ရုံး |
| (၈) | ဒေါ်ကြည်ကြည်ဆွေ | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၉) | ဒေါ်ခင်အေးမူ | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး ကယားပြည်နယ်လွှတ်တော်ရုံး |
| (၁၀) | ဒေါ်ငွေးငွေးခိုင် | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၁၁) | ဒေါ်ခိုင်ခိုင်လှ | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၁၂) | ဒေါ်ခင်ရီမြင့် | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး မကွေးတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၁၃) | ဦးအောင်အောင်ဇော် | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၁၄) | ဦးမြင့်အောင် | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး ရခိုင်ပြည်နယ်လွှတ်တော်ရုံး |
| (၁၅) | ဒေါ်အယ်နန်းခမ်း | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး ရှမ်းပြည်နယ်လွှတ်တော်ရုံး |
| (၁၆) | ဒေါ်ယဉ်ယဉ်ရွှေ | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၁၇) | ဒေါ်စန်းမေသီ | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၁၈) | ဦးဝင်းထွေးအောင် | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၁၉) | ဦးကျော်မောင်မောင် | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး/ လစာနှုန်း | ပြောင်းရွှေ့ခန့်မည့် ရာထူး/ဌာန |
|---|---|---|---|
| (၂၀) | ဒေါ်မဝင်းချော | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၂၁) | ဦးထက်ဦးမောင် | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | ဦးစီးအရာရှိ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၂၂) | ဦးတင်ထွန်းဇော် | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | ဦးစီးအရာရှိ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး |
| (၂၃) | ဒေါ်နုနုယဉ် | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | ဦးစီးအရာရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး |

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၇)

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) ၏ သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့် ဖွဲ့စည်းပုံသစ်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးမှ အောက်ပါ အရာထမ်းများအား သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်ဖြင့် ယှဉ်တွဲပါ ရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး/ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/ လစာနှုန်း |
|---|---|---|---|
| (၁) | ဒေါ်ကြည်ကြည်ဆွေ | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) |
| (၂) | ဒေါ်မဝင်းချော | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| (၃) | ဒေါ်နုနုယဉ် | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၇)

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) ၏ သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သည့် ဖွဲ့စည်းပုံသစ်နှင့်အညီ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးမှ အောက်ပါ အရာထမ်းများအား သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်ဖြင့် ယှဉ်တွဲပါ ရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၁) | ဦးကိုကိုဦး | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) |

| စဉ် | အမည် | လက်ရှိရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၂) | ဒေါ်ခိုင်ခိုင်လှ | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ညွှန်ကြားရေးမှူး (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) |
| (၃) | ဒေါ်စန်းမေသီ | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| (၄) | ဦးဝင်းထွေးအောင် | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| (၅) | ဦးတင်ထွန်းဇော် | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၄၄/ ၂၀၁၇

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၇ ရက်)

### သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးအောင်မြင့်သန်း အား ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) တို့နှင့်အညီ ခံစားခွင့်ပြုလိုက်သည်။

၂။ ခွင့်ကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးစီးအရာရှိ ဦးအောင်မြင့်သန်း အား သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၄၅/ ၂၀၁၇

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်)

### ဦးစီးအရာရှိရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (အနောက်ပိုင်း) ခရိုင်၊ လမ်းမတော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစီးအရာရှိ ဦးအောင်အောင် အား ကိုယ်ရေးကိုယ်တာ အခက်အခဲများကြောင့် နုတ်ထွက်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်နှင့် ယင်း၏ ဆန္ဒအရ ၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးစီးအရာရှိရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၃၅/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်)

ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ ကျောက်တော်မြို့၊ ပြည်တော်သာရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇၂၃ ဏ/မြို့သစ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၇၃/၄)၊ **မြေဧရိယာ (၁. ၄၆) ဧက** အား **ဗုဒ္ဓသာသနာပြုကပိရတနာဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ - ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ယခင် သစ်တောရေးရာဝန်ကြီးဌာန) ၏ ၁၉၉၆ ခုနှစ်၊ မေလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၉/၉၆) ဖြင့် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်မိန့်ထုတ်ပြန်ခဲ့သည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကတိုက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (OSS -3/ ကတိုက်ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၂၇၂)၊ ကုလားမတောင် ကြိုးဝိုင်းတောတစ်စိတ်တစ်ဒေသ၊ အကွက်အမှတ် (၄၁) ရှိ **ကြိုးဝိုင်းတောပယ်ဖျက်ပြီးမြေ (၁. ၆၀) ဧက** အား **နန်းဖိုလ်လင်းဘုရားနှင့် ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃၇/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊  ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၈၉၃/မုကျိုမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၃၆၄)၊ **မြေဧရိယာ (၁. ၂၀) ဧက** အား **ဓမ္မသုခတောရ ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၀ ရက်)

မွန်ပြည်နယ် ၊ သထုံခရိုင်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ သိမ်ဆိပ်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၅၄၀/ သိမ်ဆိပ်အရှေ့ကွင်း)၊ မြေကွက်အမှတ် (၁၃၃၈) မှ မြေဧရိယာ (၀. ၀၂) ဧကနှင့် မြေကွက်အမှတ် (၁၃၇၉) မှ မြေဧရိယာ (၀. ၃၀) ဧက၊ **စုစုပေါင်းမြေဧရိယာ (၀. ၃၂) ဧက** အား **ကံကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**စစ်ရာထူးခန့်ချုပ်ရုံး**
**(ကြည်းတပ်ဌာနစု)**

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်)

အမှတ် ၆၃/၂၀၁၇ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှရှုတ်ချ၍ အမြဲတမ်း ထုတ်ပယ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| ကြည်း | ၃၇၆၉ | ဗိုလ်မှူး | မျိုးသူဝင်း | ၁၄-၃-၂၀၁၇ |
| အင်န် | ၂၃၉၃ | ဗိုလ် | ဖော်ဖော်ဟိန်း | ၈-၄-၂၀၁၇ |
| ကြည်း | ၅၉၉၇၃ | ဗိုလ်ကြီး | သက်မြတ်ထွန်း | ၂၀-၄-၂၀၁၇ |

အမှတ် ၆၄/၂၀၁၇ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှရှုတ်ချ၍ အမြဲတမ်း ထုတ်ပယ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| ကြည်း | ၃၅၃၄၉ | ဗိုလ်မှူး | စိုးမြင့်ဝင်း |
| ကြည်း | ၆၉၉၇၀ | ဗိုလ် | အောင်ခိုင်ဦး |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလှူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)

အမှတ် ၁၃ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မေလ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာနခွဲ |
|---|---|---|
| ၁။ | ဦးတင်ထွန်းအောင် | ဝန်ထမ်းရေးရာ (ရုံးတွင်း) |
| ၂။ | ဦးမောင်မောင်မြင့် | ငွေစာရင်း |

ရဲနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၃၀ ရက်)

အမှတ် ၁၅ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ခွင့်ပြုချက်အရ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်၊ ရူပဗေဒဌာနမှ ကထိက လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဒေါက်တာသောင်းအေးအား ယင်း၏ဆန္ဒအရ အလုပ်တာဝန်များ စွန့်လွှတ်သည့်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

အမှတ် ၁၆ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ခွင့်ပြုချက်အရ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း၊ သင်ပြနည်းဌာနမှ ကထိက ဦးမြဲဆောင် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၂၃၃ (ခ) အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နှစ်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သိန်းဌေးဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်)

ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါစာအမှတ်၊ ၁-၃ (၉/၂၀၁၆)/၂၁၃၁ အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲ၊ ရေကူးအသံလွှင့်စက်ရုံမှ အင်ဂျင်နီယာမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးဆန်းထွန်း အား စက်ရုံမှလျော့နည်းနေသည့် စက်ပစ္စည်း (၂၆၂) မျိုးနှင့်စပ်လျဉ်း၍ အုပ်ချုပ်မှုညံ့ဖျင်းခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ လုပ်ငန်းအပေါ် စိတ်ဝင်စားမှုအားနည်းခြင်း၊ ရာထူးတာဝန်အဆင့်နှင့်လျော်ညီစွာ ဆောင်ရွက်နိုင်စွမ်း အားနည်းခြင်း၊ လျော့နည်းပစ္စည်းစာရင်းများကို စာရင်းလျော့ပေါ့ရေးအတွက် အထက်အဆင့်ဆင့် တာဝန်ရှိသူများထံ ကြိုတင်အမိန့်တောင်းခံမှုမရှိဘဲ လုပ်ဆောင်ခဲ့ခြင်း၊ ခွင့်မဲ့ပျက်ကွက်နေခြင်းတို့ကြောင့် အထက်ရည်ညွှန်းပါစာအရ ဆုံးရှုံးမှုပစ္စည်းတန်ဖိုးများ ပေးလျော်ပြီးဖြစ်ပါသဖြင့် ယင်းအား ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismiss) လိုက်သည်။

(ပုံ) မြင့်ထွေး၊
ညွှန်ကြားရေးမှူးချုပ်၊
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား။

## သမဝါယမဦးစီးဌာန

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်)

အမှတ် ၂၀ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ သန်လျင်မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်း [၁၂/သလန (နိုင်) ၀၆၂၃၉၅] အား ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ဒေါ်မြင့်မြင့်သန်း အား ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၂၁ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ ဧရာဝတီတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းအောင် [၁၄/မအန (နိုင်) ၀၁၁၈၆၉] အား ၂၀၁၇ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ဦးထွန်းအောင် အား ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

အမှတ် ၂၂ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ ကောလင်းမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောလှဝင်း [၅/ဖပန (နိုင်) ၀၂၉၅၃၀] အား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ဦးစောလှဝင်း အား ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၂၃ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ဝန်ဆောင်မှုလုပ်ငန်းဌာနခွဲမှ ဦးစီးအရာရှိ ဦးသန်းထိုက် [၉/ပမန (နိုင်) ၀၀၈၄၆၂] အား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ဦးသန်းထိုက် အား ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်)

အမှတ် ၂၄ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ဝန်ဆောင်မှုလုပ်ငန်းဌာနခွဲမှ ဦးစီးအရာရှိ ဦးမြင့်ဆွေ [၉/တသန (နိုင်) ၁၁၉၈၃၆] အား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ဦးမြင့်ဆွေ အား ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

(ပုံ) အောင်ဖြူ
ညွှန်ကြားရေးမှူးချုပ်၊
သမဝါယမဦးစီးဌာန။

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်)

အမှတ် ၅ ။ ။ ရန်ကုန်မြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၆)၊ လက်ထောက်ညွှန်ကြားရေးမှူး (၂) ရုံးမှ ဦးစီးအရာရှိ (မြို့ပြ) ဦးဟန်မောင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈) ခွင့်ခံစားခြင်းနည်းဥပဒေ (၈၇) (၈၉) အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ထိ ပျမ်းမျှလစာဖြင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက် ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၆ ။ ။ နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ ဦးစီးအရာရှိ (ပုံဆွဲ) ဒေါ်သန်းသန်းညွန့် အား မိမိအလုပ်ဝတ္တရားများအပြင် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ခံစားမည်ဖြစ်သော နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ ဦးစီးအရာရှိ (ပုံဆွဲ) ဦးခင်မောင်ဌေး ၏ အလုပ်ဝတ္တရားများကိုပါ ယာယီပူးတွဲထမ်းဆောင်စေလိုက်သည်။

အမှတ် ၇ ။ ။ နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ ဦးစီးအရာရှိ (ပုံဆွဲ) ၏ အလုပ်ဝတ္တရားများကို ဦးစီးအရာရှိ (ပုံဆွဲ) ဒေါ်သန်းသန်းညွန့်သို့ လွှဲပြောင်းပေးပြီးသည့်အခါ နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ ဦးစီးအရာရှိ (ပုံဆွဲ) ဦးခင်မောင်ဌေး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အခန်း (၈) ခွင့်ခံစားခြင်း နည်းဥပဒေ (၈၇) (၈၉) တို့အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)

အမှတ် ၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇)၊ ၂၀၁၇ ခုနှစ်၊ မေလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၃၃၇/ရအဖ-၂/၁၀၇/၂၀၁၇/ တမ-၁ သဘောတူဆုံးဖြတ်ချက်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်စွဲပါ စာအမှတ်၊ ဆသ-၁/၀ထ (ရာထူး)/၂၀၁၇ (၄၉၉) ဖြင့် ခွင့်ပြုချက်အရ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ စီမံ/ဘဏ္ဍာ/ထောက်ပံ့ဌာန၊ စီမံရေးရာဌာနစိတ်မှ လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုံးအုပ်၊ ဒေါ်စိုးစိုးမေ အား ၂၀၁၇ ခုနှစ်၊ မေလ ၁၇ ရက်နေ့ (နံနက်ပိုင်း) မှစ၍ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ကျပ်တန်းဝင် ဦးစီးအရာရှိ ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး မူလတာဝန်ကျဌာနတွင် တာဝန်ချထားလိုက်သည်။

စိုင်းစောလင်းထွန်း၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် ( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**တားလ်ကွိုက်စ် အင်တာနေရှင်နယ် ဘီးစီးနက်စ် ဒီပလော့မန့် ကုမ္ပဏီလီမိတက်**
**(TURQUOISE INTERNATIONAL BUSINESS DEVELOPMENT COMPANY LIMITED)** ၏
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **တားလ်ကွိုက်စ် အင်တာနေရှင်နယ် ဘီးစီးနက်စ် ဒီပလော့မန့် ကုမ္ပဏီ လီမိတက် (TURQUOISE INTERNATIONAL BUSINESS DEVELOPMENT COMPANY LIMITED)** အား (၁၅-၈-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သင်းသီရိဗိုု (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းများနှင့်ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သင်းသီရိဗိုု (LL.B)
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**အိစ်တဲန် နယူးဆဲန်ကျူရီ ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်**

**(Eastern New Century Holdings Co., Ltd.)**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အိစ်တဲန် နယူးဆဲန်ကျူရီ ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက် (Eastern New Century Holdings Co., Ltd.)** အား (၂၅-၈-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး **[B. Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Myo Naing @ U Kaw Shin Lu
Managing Director
Eastern New Century Holdings Co., Ltd.

U Myat Lwin Moe
[B. Com (Q), C.P.A]
Certified Public Accountant (Auditor)
Bldg 30, No.4 (A), 3rd Floor,
Corner of Ma Hlwa Kone St &
Kyauk Yae Twin St, Kyauk Myaung Qtr,
Tamwe Township, Yangon.

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**SHWE HLET MANUFACTURING CO., LTD.**

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့တွင်ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အစည်းအဝေး ဆုံးဖြတ်ချက်အရ **SHWE HLET MANUFACTURING CO., LTD.** အား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြ တရားဝင်စာရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

U Zaw Myo Tun
Managing Director
Shwe Hlet Manufacturing Co., Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) SHWE HLET MANUFACTURING CO.,LTD.

## တယ်လီမက်ချ် အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်

**(Tele Match International Co., Ltd.)**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းကြောင်း ကြေညာချက်

**၁။** ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **တယ်လီမက်ချ် အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်** (Tele Match International Co., Ltd.) အား (၂၄. ၈. ၂၀၁၇) ရက်နေ့မှစ၍ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

**၂။** ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ဉမ္မာခိုင် [B.Com (Q), C.P.A, ACCA Diploma]၊ အမှတ် (၈၅)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

**၃။** သို့ဖြစ်ပါ၍ ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ သက်သေပြ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးဉာဏ်ဝင်း | ဉမ္မာခိုင် |
| မန်နေးဂျင်းဒါရိုက်တာ | [B. Com (Q), C.P.A, ACCA Diploma] |
| တယ်လီမက်ချ် အင်တာနေရှင်နယ် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ကုမ္ပဏီလီမိတက် | ဖုန်း- ၀၉-၄၂၁၅၁၀၁၀၂ |

## MHL MYANMAR COMPANY LIMITED

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**MHL MYANMAR COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ် ၁၈၁/၁၈၃၊ အခန်း-၆၀၃၊ (၇) လွှာ၊ ၃၄-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၉-၂၀၁၇) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

DAW CHO CHO MYINT
[B. Com (Q), C.P.A, DBL]
CERTIFIED PUBLIC ACCOUNTANT
MHL MYANMAR COMPANY LIMITED

## ရင်းဝါကုမ္ပဏီလီမိတက်

(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

(မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေအပိုဒ်-၁၁၃)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး (၂) ရုံး၏ တရားမအထွေထွေအမှုအမှတ်-၈၄/၂၀၁၆ အမှုတွင် **ရင်းဝါကုမ္ပဏီလီမိတက်**ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၆၂ အရ၊ တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းရန် (၈-၅-၂၀၁၇) ရက်နေ့၌ အမိန့်ချမှတ်ခဲ့ပြီးဖြစ်၍ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးမင်းစိန်၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၉)၊ အမှတ် ၁၈၉/၁၉၅၊ ပန်းဆိုးတန်းအောက်(စ်)ဖစ်တာဝါ (၇) ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ အမည်၊ လိပ်စာနှင့်ရရန်ရှိကြွေးမြီ (သို့မဟုတ်) ရရန်ရှိသူများနှင့်ပတ်သက်သော အကြောင်းအရာများနှင့် မိမိတို့၏ တရားလွှတ်တော်ရှေ့နေ (သို့မဟုတ်) အထက်တန်းရှေ့နေ (ရှိက) လိပ်စာကို (၁၂-၉-၂၀၁၇) နေ့တွင်ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ ပေးပို့ရမည်။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လိုအပ်လျှင် စာဖြင့်အကြောင်းကြားပြီး ကြွေးမြီ (သို့မဟုတ်) ရရန်ရှိကို ထင်ရှားအောင်ပြသနိုင်ရန် ချိန်းဆို သည့်အခါ လူကိုယ်တိုင်ဖြစ်စေ၊ တရားလွှတ်တော်ရှေ့နေ (သို့မဟုတ်) အထက်တန်းရှေ့နေဖြစ်စေ လာရောက်ရမည်။

ပျက်ကွက်ပါက ကြွေးမြီများပေးဆပ်ချိန်တွင် အခွင့်အရေးရရှိလိမ့်မည်မဟုတ်ကြောင်းသိစေအပ်ပါသည်။

နေ့စွဲ။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်။

ဦးမင်းစိန် B.Sc., R.A.,C.P.A.,R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၉)
တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ရင်းဝါကုမ္ပဏီလီမိတက်
(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## TMA COMPANY LIMITED

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**TMA COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အခန်း-၅၀၂၊ **FMI CENTER** (၅) လွှာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၉-၂၀၁၇) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

DAW CHO CHO MYINT
[B. Com (Q), C.P.A, DBL]
CERTIFIED PUBLIC ACCOUNTANT
TMA COMPANY LITMITED

**PRECIOUS GEMS COMPANY LIMITED**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င)

**PRECIOUS GEMS COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံး အစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ **FMI CENTER, # 501,** ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၉-၂၀၁၇) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

DAW CHO CHO MYINT

[B.Com (Q), C.P.A, DBL]

CERTIFIED PUBLIC ACCOUNTANT

PRECIOUS GEMS COMPANY LIMITED

**စန်းကို့ (စ်) အင်နာဂျီ ကုမ္ပဏီလီမိတက်**

**(Sun Coast Energy Co., Ltd.)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူး အစည်းအဝေးဆုံးဖြတ်ချက်အရ **စန်းကို့ (စ်) အင်နာဂျီ ကုမ္ပဏီလီမိတက် (Sun Coast Energy Co.,Ltd.** အား (၂၅. ၈. ၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်း ရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး **[B. Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့်ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Soe Thaung Myint

Managing Director

Sun Coast Energy Co., Ltd.

U Myat Lwin Moe

[B.Com (Q), C.P.A]

Certified Public Accountant (Auditor)

Bldg 30, No.4 (A), 3rd Floor, Corner of

Ma Hlwa Kone St. & Kyauk Yae Twin St.

Kyauk Myaung Qtr,

Tamwe Township, Yangon.

## Saigon Trading Group (Myanmar Representative Office)

### Voluntary Liquidation

In accordance with the Saigon Trading Group's Extraordinary General Meeting resolution is passed on 17.8.2017, U Than Aung [B.Com (Q), C.P.A, D.C.Sc] (Certified Public Accountant), New building (2), Room No. (4), Pha Sa Pa La Housing, Mingalar Taung Nyunt Township, Yangon is appointed as Liquidator.

All creditors of the above Company's Myanmar Representative Office are, therefore, requested to submit details of their claims together with any documentary evidence to the liquidator at the address given below, not later than 25.9.2017.

Miss. Trinh Viet Huyen Lan
Chief Representative
Saigon Trading Group
(Myanmar Representative Office)

U Than Aung
[B. Com (Q), C.P.A,D.C.Sc]
Liquidator
New Building (2), Room No. (4),
Pha Sa Pa La Housing,
MingalarTaung Nyunt Township,
Yangon.

## MICASA HOTEL LIMITED

### Voluntary Liquidation with the consent of the Company

According to this Special resolution by the management of the Company held on 16 August, 2017 at No.17, Kaba Aye Pagoda Road, Corner of Sein Lei May Avenue, Yankin Township, Yangon it is decided that the Company be place into voluntary liquidation for carrying out of such liquidation, Daw Thida Cho Win (B. Com, C.P.A) holding NRC No. 5 Nga Za Na (Naing) 038662 was appointed as liquidator.

We hereby announce that any person who have debts and liabilities to this company should claim or pay them from/to the liquidator by 25 September, 2017 at the latest.

Mr. Tan Boon Lee
Director
Micasa Hotel Limited

Daw Thida Cho Win
No. 38, Maw Lamyine Street,
Sayar San North/West Ward
Bahan T/S, Yangon.

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၁၀၀/၂၅-၈-၂၀၁၇။